


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဟောဟို ကနိဗ္ဗာန်ကို
# ဟောဒီ မဂ္ဂင်လမ်းကသွားပါ

၂၃၀

ဟောကြားသည့်နေ့
၁၈ - ၃ - ၅၄

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏
## အမှာစာ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားဆုံးမခဲ့သော တရားတော်များမှာ အလွန်များပါသည်။ လက်လှမ်းမီသ၍ စာရင်းပြုစုထားရာတွင်ပင် ပုဒ်ရေ (၁၅၀၀) ကျော်ရှိကြောင်း တွေ့ရပါသည်။

၁၉၅၄ ခုနှစ်မှ တိတ်ခွေကြီးများပေါ်၍ အသံတော်သွင်းယူထားနိုင်ရာ၊ (၁၈. ၃. ၅၄) နေ့တွင် ဟောကြားသော ဤတရားတော်သည် အစောဆုံးတရားတော်တစ်ပုဒ်ဖြစ်ပါသည်။

ဤတရားတော်တွင် ဘုရားလက်ထက်ကစ၍ လူတိုင်းသိချင်သော သတ္တဝါဘယ်ကစသလဲ? ဆိုသောမေးခွန်းကို မိုးကုတ်ဆရာတော်ဘုရားကြီးက မြတ်စွာဘုရားကိုယ်တော်တိုင်ဖြေကြားခဲ့သည့်အတိုင်း ဖြေဆိုတော်မူထားပါသည်။

ဤတရားတော်တွင် ဘုရားလောင်း သုမေဓာရသေ့ဘဝက စပြီး အို နာ သေ လွတ်ရေးကို ရှာခဲ့ပုံကို ဟောတော်မူထားပါသည်။

ဤတရားတော်တွင် နိဗ္ဗာန်သွားမည့် မဂ္ဂင်လမ်းမတော်ကြီးကို အသေအချာရှင်းပြထားပြီး ဒီလမ်းပေါ်တွင် သွားတတ်အောင်၊ လျှောက်တတ်အောင် သင်ပေးထားသဖြင့် ယောဂီများအတွက် ကျေးဇူးများမှာအမှန်ပင်ဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇) ပါး ကိန်းနိုင်ကြပါစေ။

၂၂-၁၁-၂၀၀၂ အလုပ်အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ဟောဟိုကနိဗ္ဗာန်ကို ဟောဒီမဂ္ဂင်လမ်းကသွားပါ

ဟောကြားသည့်နေ့ (၁၈-၃-၅၄)

အနမတဂ္ဂေါယံ ဘိက္ခဝေသံသာရော၊ ပုဗ္ဗာကောဋိ နပညာယတိ၊ အဝိဇ္ဇာနီဝရဏာနံ တဏှာသံယောဇနာနံ သတ္တာနံ သန္ဓာဝတံ သံသရတံ။

လို့အနမတဂ္ဂ သံယုတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတယ်၊

ရဟန်းတွေကမေးကြတယ်၊ အရှင်ဘုရားတဲ့ သတ္တဝါတွေဟာ ဘယ်ကစပြီးသကာလ ဘယ်လိုဖြစ်ခဲ့ကြလို့ ယခုတိုင်ပဲ ရှိပြီးသကာလနေကြပါသလဲလို့ ရဟန်းတွေကမေးတော့ -

သတ္တဝါအစပြောဖို့အရေးဟာဖြင့်၊ အင်မတန်မှ ခဲယဉ်းတဲ့အရေးပဲတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေကြားတယ်. . . (တင်ပ့ါ)။

## သတ္တဝါအစကိုပြောရရင်

သတ္တဝါအစကိုပြောဖို့အရေးဟာဖြင့် အလွန်ခဲယဉ်းတဲ့အရေးပဲလို့ ပြောပြတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်။

အဲဒါကြောင့် သတ္တဝါအစကို ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ ဘုရားဖြစ်တဲ့နေ့ကစပြီး ဒကာစိန်၏ ဖြစ်စဉ်ကိုနောက်ဆုတ်ပြီး ပြောခဲ့သည်ရှိသော် ဆုံးနိုင်ရန်မရှိဘူး (မှန်လှပါဘုရား)။

နောက်ဆုတ်ပြီးတော့၊ ဒီဘက်ဘဝကဘာဖြစ်ခဲ့တယ်၊ ဟိုဘက်ဘဝက ဘာဖြစ်ခဲ့တယ် ဟိုဘက်ဘဝက ဘာဖြစ်ခဲ့တယ် ဆိုတာ ဘုရားဖြစ်တဲ့နေ့ကစပြောရင်၊ သတ္တဝါတစ်ယောက်၏ အဆုံးဟာ ကုန်လိမ့်မယ်မဟုတ်ဘူး . . . (တင်ပ့ါ)။

## သံသရာအင်မတန်ရှည်တယ်

အင်မတန်သံသရာရှည်တယ်ဆိုတာ ပေါ်လာကြပလား -(ပေါ်ပါပြီဘုရား) အဲဒီတော့. . . ဘယ်လောက်ထိအောင်

ရှည်မယ်ဆိုတာတော့ဖြင့် ငါဥပမာပဲပြလို့ရှိရင်ဖြင့် မင်းတို့ဥပမာနဲ့ နှိုင်းချိန်ပြီးသကာလ သိကြပေတော့. . . (တင်ပါ့)။

ဥပမာသာ ငါပြမယ်၊ အရှေ့တစ်ယူဇနာ၊ တောင်တစ်ယူဇနာ၊ အနောက်တစ်ယူဇနာ၊ မြောက်တစ်ယူဇနာ၊ လေးထောင့်တိုင်ကြီးပေါ့ဗျာ၊ မြေကြီးထဲမှာလည်း တစ်ယူဇနာမြှုပ်တယ်၊ အပေါ်မှာလည်း တစ်ယူဇနာကျောက်တောင်လောက်ရှည်တယ်ပေါ့ဗျာ။

## ကျောက်တောင်ကြီးဥပမာ

အဲဒီလောက်ရှိတဲ့ ကျောက်တောင်ကြီးအထဲမှာ အခေါင်းမပါစေနဲ့ပော့. . . (မှန်ပါ့ဘုရား)၊ အခေါင်းမပါစေနဲ့နော်. . . (တင်ပါ့)၊ ကျောက်တောင်ကြီးဟာ အင်မတန်ပဲ တစ်ယူဇနာပတ်လည်ကြီးဆိုတော့ အလွန်မကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

မြေကြီးထဲမြှုပ်ထားတာက တစ်ယူဇနာမြေပေါ်ပေါ်နေတာက. . . (တစ်ယူဇနာပါဘုရား)၊ လေးထောင့်ပတ်လည်ကြီးကကောတစ်ဘက် တစ်ယူဇနာဆိုတော့. . . (တင်ပါ့)၊ အဲဒီကျောက်တောင်ကြီးကိုကွာတဲ့၊ အနှစ်တစ်ရာ တစ်ရာကြာမှ အင်မတန်နုလှစွာတဲ့ကာသိကရာဇ်တိုင်းကဖြစ်တဲ့ ကတ္တီပါနဲ့ အနှစ်တစ်ရာ တစ်ရာမှ တစ်ကြိမ် တစ်ကြိမ် သုတ်ပြီးချထားကွတဲ့။

## ကျောက်တောင်ကြီးသာကုန်ချင်ကုန်မယ်

အဲဒါကြီးသာ ကုန်တန်ရင်ကုန်ရမယ်၊ ဒါ မင်းတို့ အစသံသရာကြီးကဖြင့် မဆုံးသေးဘူး၊ ဒီတိုင်ကြီးအနှစ်တစ်ရာမှ တစ်ကြိမ်ပွတ်၊ ဒီတိုင်ကြီးသာ ကုန်ဖို့ရာအကြောင်းရှိတယ်၊ သတ္တဝါတွေ အစနေရ၊ ကြုံတွေ့ရတဲ့ဘဝတွေဟာ မဆုံးတော့ဘူး။

ဒကာ ဒကာမတွေ ဘယ်လောက်ကြာခဲ့ပြီဆိုတာတော့ မ‌ပြောနိုင်တော့ဘူးတဲ့ ဘုရားက၊ အဲဒီ ဥပမာနဲ့သာ မှတ်ပေတော့(တင်ပါ့)။

ဒီကျောက်တောင်ကြီး ဒါလောက်မြင့်လှတဲ့အထဲမှာ အနှစ်တစ်ရာမှတစ်ကြိမ် ပွတ်ပါ၊ အဲဒါ ကုန်နိုင်စရာများရှိရဲ့လား (မရှိပါဘုရား)။

ကုန်နိုင်စရာ မရှိအောင်လည်း သူက ခိုင်ခန့်နေတဲ့ ကျောက်တောင်ကြီး၊ အဲ့ဒါကြီးကုန်မယ်ဆိုလို့ရှိရင်တော့ ကုန်နိုင်စရာရှိသေးတယ်ကွတဲ့။

## မင်းတို့ဘဝအဆုံးကိုမပြောနိုင်ဘူး

မင်းတို့သည် အိုခဲ့၊ နာခဲ့၊ သေခဲ့ရတဲ့ဘဝတွေကဖြင့် ငါ အဆုံးမပြောနိုင်ဘူးတဲ့၊ ဘယ်လောက်တောင်ရှည်သတုံး. . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေက ရှည်ပုံတော့ဖြင့် နားလည်ကြပလား. . . (တင်ပါ့)။

ဒီအထဲရောက်နေပြီးသကာလ နောက်ထပ်များ ရှည်ဖို့ အရေးကိုဖြင့် မတွေးကြပါနဲ့တော့ဆိုတာကို ဘုန်းကြီးက မေတ္တာ ရပ်ပါတယ် (မှန်ပါ့)၊ နောက်ထပ်ရှည်ဖို့အရေးဖြင့် ဒကာစိန်ရေ- မလုပ်ပါနဲ့တော့. . . (မှန်လှပါဘုရား)။

ဘာကြောင့်တုံးဆိုတော့ နောက်ကရှည်ခဲ့ရတာတော့ မပျော်မွေ့ခဲ့တာတွေက အင်မတန်များတယ်. . . (များပါတယ် ဘုရား)။

ခုနကကျောက်တောင်ကြီးက ဒကာစိန် ကုန်နိုင်စရာမြင် သေးသလား. . . (မမြင်ပါဘုရား)၊ နုလှစွာတဲ့အဝတ်နဲ့ ပွတ်လိုက် တယ်ဆိုရင် နုလှစွာတဲ့အဝတ်နဲ့ပွတ်လို့ရှိရင် အနှစ်တစ်ရာမှလည်း တစ်ကြိမ်ပွတ်တယ်။

အနှစ်တစ်ရာရှိတော့ တစ်ကြိမ်ပွတ်လိုက်၊ အနှစ်တစ်ရာ ရှိတော့ တစ်ကြိမ်ပွတ်လိုက်၊ ကုန်ပါ့မလား. . . (မကုန်နိုင်ပါဘူး ဘုရား)။

## နောက်ကဟာတွေဟောလို့မကုန်နိုင်

မာလိုက်တဲ့ကျောက်တောင်၊ ကြီးလိုက်တဲ့ကျောက် တောင်၊ အတွင်းမှာအခေါင်းမပါတဲ့ကျောက်တောင်။ ဒါကြီး အနှစ်တစ်ရာမှတစ်ကြိမ်ပွတ်တယ်ဆိုတော့ ကုန်နိုင်စရာများရှိ သေးရဲ့လား. . . (မရှိပါဘူးဘုရား)။

အဲ. . . မင်းတို့လည်း နောက်တုန်းကနေခဲ့ရတာ၊ အိုနာသေခဲ့၊ အိုနာသေခဲ့၊ အိုနာသေခဲ့တွေနဲ့ နေခဲ့ရတာဟာ၊ အဲဒီ ကျောက်တိုင်ကြီးကုန်ရင် ကုန်မှာတဲ့၊ နောက်ကဟာတွေ ငါဟော လို့မကုန်နိုင်ဘူးတဲ့. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ ဘယ်လောက်များကြောက်စရာ ကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)၊ အဲ သံသရာရှည် လျားခဲ့တယ်ဆိုတာလည်း ဒကာ ဒကာမတွေပြောဖို့မလိုတော့ ဘူး၊ ဘုရားက ညည်းရင်းကြည့်ပြီးပြောလိုက်တယ်။

## မှန်းကြပါတော့ ဇာတ်သိမ်းကြပါတော့

အဲဒီတော့ ညည်းရစ်ကြပါတော့၊ မုန်းကြပါတော့၊ ရွံကြ ပါတော့၊ ဇာတ်သိမ်းကြပါတော့လို့ဆိုတာ ဆရာဘုန်းကြီးကပြော တယ်. . . (မှန်ပါ့)၊ အညည်းကြီး ညည်းဖို့မကောင်းသေးဘူး လား. . . (ကောင်းပါတယ်ဘုရား)။

ဒါကြီးဖြစ်ခဲ့တာမျိုးကိုလည်း ရွံစရာ၊ တွေးတိုင်း တွေး တိုင်းလည်း ရွံစရာပဲပေါ့ ဖို့ကောင်းတယ်၊ အဲတော့ ဘယ်လောက် ရှည်ခဲ့ရတယ်ဆိုတာကြီး၊ ယခု စခန်းသတ်နိုင်တဲ့ဘဝ ဆရာ ကောင်း သမားကောင်းကြုံလို့၊ ကာလ ဒေသကောင်းကြုံလို့၊ ကိုယ်ချမ်းသာကြီးနဲ့ ကြုံတဲ့နေရာမှာ စခန်းသာသတ်လိုက်ကြပါ တော့၊ နောက် ငိုပွဲတွေ၊ ယိုပွဲတွေ မရှည်ကြပါနဲ့တော့ဆိုတာ ပြောရတယ်. . . (မှန်ပါ့ စခန်းသတ်ပါတော့မယ်ဘုရား)။

## စခန်းသတ်ကြစမ်းပါ

စခန်းသတ်စမ်းပါ၊ သတ်စမ်းပါဟေ့၊ စခန်းသတ်ကြပါ တော့ဆိုတာ အသေအချာပြောပြီ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)၊ စခန်းသတ်ဖို့အချိန်ကော မရောက်သေးဘူးလား . . . (ရောက် ပါပြီဘုရား)၊ နောက်ထပ်များ ဒကာ ဒကာမတွေ ပတ်ချင်သေးသလား. . . (မပတ်ချင်တော့ပါဘုရား)။

နောက်ထပ်လှည့်ပတ်ချင်သေးလို့ရှိရင်တောင်မှပဲ ပျင်းစရာမကောင်းပေဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ အေး. . . အဲဒီလောက်ဆိုတော့ သံသရာကြီးထဲမှာဆိုတော့ ဩော်. . . ဒါဘယ်ကိုရောက်နေသလဲလို့ မေးလို့ရှိရင် ဘယ်လိုမှ မမေးနဲ့တော့ ဒကာ ဒကာမတို့ အိုနာသေခဲ့ရတာချည်းပဲလို့သာ ဆုံးဖြတ်ချက်ချလိုက်ပါတော့. . . (မှန်လှပါဘုရား)။

## နောက်တုန်းကဘယ်လိုနေခဲ့ရသတုံး

နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံးလို့မေးရင်လည်း အိုနာသေ မျက်ရည်နဲ့ ပွဲဆင်ခဲ့ရတာချည်းပဲ၊ မဟုတ်ဘူးလား၊ အဲဒါနဲ့ ရှာကြည့်လိုက်တဲ့အခါကျတော့မှ ဘုရားတပည့်တော်တို့ အမေ့နို့ရည်တွေ စို့ခဲ့ရတာ၊ သမုဒ္ဒရာရေ လေးစင်းလောက် တောင်မကဘူး။

ဒီလိုသေလို့ ငိုခဲ့ရတာလည်း သမုဒ္ဒရာရေ လေးစင်းထက် တောင် မကဘူးဆိုတာ အဲဒီကလာတာတွေ၊ အနမတဂ္ဂ သံယုတ် ကလာတာတွေ။

## ဘုန်းကြီးပေးတဲ့နည်း

အဲဒါကြောင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ၊ ဆရာ ဘုန်းကြီးပေးတဲ့နည်းဟာ၊ တစ်ခါတည်းဇာတ်သိမ်းငြိမ်းတဲ့တရား ဖြစ်ပြီးနေသောကြောင့်၊ အရှည်မသွားဘဲနဲ့၊ အင်း. . . ဒီလမ်းက နေပြီ ဒီလမ်းကို ရှုပြီးသကာလ၊ ဒီတဏှာနဲ့ ဒီအဝိဇ္ဇာသတ်လိုက် လို့ရှိရင်ဖြင့် မိမိငိုပွဲတွေ ဇာတ်သိမ်း အိုပွဲတွေ ဇာတ်သိမ်းတဲ့ မွဲပွဲ၊ ကွဲပွဲတွေ ဇာတ်သိမ်းတော့မှာပဲ၊ ငြိမ်းရာပဲလိုက်ပါတော့မယ်ဟာ (မှန်လှပါဘုရား)။

နောင်ရေးဖြင့် ပြန်ပြီးသကာလ တွေးကြည့်လေလေ၊ ကြောက်လေလေဖြစ်သောကြောင့် ရှေ့ရေးကိုဖြင့် ရှည်တဲ့အရေး ကိုဖြင့် မလိုက်တော့ပါဘူးလို့ဆိုပြီးသကာလ မြန်မြန်လုပ်လိုက် သဖြင့် မြန်မြန်ဇာတ်သိမ်းတော့ အေးချမ်းတဲ့နိဗ္ဗာန်နေကြပါ (မှန်ပါ့)၊ ဒကာစိန် ဇာတ်သိမ်းရမယ်နော်. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေတဲ့၊ ဘုန်းကြီးပြောတာ ဘုရားဟော ပါဠိတော်တွေနော်၊ ဘုရားဟောပါဠိတော်တွေဖြစ်တော့၊ ခင်ဗျား တို့က ဒီဘဝမှာ လူတွေဖြစ်တော့ အပျက်ပဲမှတ်နေတယ်။

## ဒီနာမည်နဲ့ ငါးရာလောက်ဖြစ်ခဲ့ပြီ

အပျက်မဟုတ်ဘူး ဒကာ ဒကာမတွေ၊ ဒီလိုနာမည်နဲ့ ဒီလို ဒီလို သေခဲ့ရတဲ့ဘဝတွေ၊ အိုခဲ့ရတဲ့ဘဝတွေ၊ မျက်ရည်ကျခဲ့ရတဲ့ဘဝတွေ၊ ဒီနာမည်နဲ့ကို ငါးရာလောက်ဖြစ်ခဲ့ရတယ်၊ နည်းသလား. . . (မနည်းပါဘူးဘုရား)။

အဲဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အကြောင်း ကိုယ်ကောင်းကောင်းသိကြပလား. . . (သိကြပါပြီဘုရား)။

အဲဒါနောက် နောက်ကနေခဲ့ရ သေခဲ့ရတယ်ဆိုတာ ပြော နိုင်ကြပလား၊ အင်မတန်များတယ်လို့သာ ပြောနိုင်ကြတော့. . . (မှန်ပါ့ဘုရား)၊ အဲဒါဖြင့် နောက်ထပ်များချင်သေးသလားလို့. . . (မများချင်တော့ပါဘုရား)၊ များချင်စရာလည်း မရှိတော့ပါဘူး. . . (မရှိတော့ပါဘုရား)။

## မီးခိုးမဆုံး မိုးမဆုံး

နောက်ဘဝလာမယ်ဆိုရင် ဒီလိုနေကြလို့ ဒီလိုအိမ်ထောင်ကျကြလို့ ဒီလိုသားတွေ သမီးတွေ၊ ဒီလိုဆွေတွေ မျိုးတွေ၊ အိုပါစေ၊ မွဲပါစေ၊ မဆုံးနိုင်အောင် မီးခိုးမဆုံး မိုးမဆုံးသွားပြီး နေတာကြည့်ရင်လည်း လန့်စရာကောင်းလိုက်တဲ့ဖြစ်ခြင်းဆိုတာ ဉာဏ်နဲ့တွေးကြစမ်းပါ။

ဒီဘဝသာသနာနဲ့ ကြုံလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မှ ကိလေသာအယုတ်တမာတရားတွေကို မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်းဟူသော တရားတွေနဲ့မှ ဖြတ်ထားခြင်းအလုပ်ကို မလုပ် လိုက်သည်ရှိသော် ဒကာ ဒကာမတို့ နောက်နောင်တွေမှာလည်း သမုဒ္ဒရာရေလေးစင်းမက ငိုပွဲဆင်ကြရဦးမယ်၊ ကောင်းနိုင်စရာ မြင်သေးရဲ့လား. . . (မြင်ပါဘုရား)။

အင်း. . . ဒါက ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ အေး. . . ဒါကြောင့် သတ္တဝါတွေ မနေရစ်ကြပါနဲ့၊ စားတာသောက်တာ၊ ပြင်ဆင်တာ၊ ရောင်းတာ ဝယ်တာနဲ့၊ သားရေးသမီးရေး စီးပွားရေးအလုပ်နဲ့ အချိန်ကုန်ပြီး သကာလ သေပွဲကြီး နွှဲကြဦးမလို့ နေကြတာလားလို့ ဘုန်းကြီးက မေးသင့်တယ်. . . (တင်ပါ့)။

## သေပွဲကြီးနွှဲကြဦးမလို့နေတာလား

သေပွဲကြီး နွှဲကြဦးမလို့ပေါ့ပေါ့နေတာလားလို့ မေးဖို့ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ မျက်ရည်ကြီး ငယ်ကျတဲ့ ပွဲကြီးကို နောင်တဖန်နွှဲချင်သေးလို့၊ ဒီလိုနေကြတာ လားလို့ မေးဖို့ကော. . . (ကောင်းပါတယ်ဘုရား)၊ ဒကာစိန်. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ အနမတဂ္ဂသံယုတ်တော်ကြီးမှာနော်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ အင်မတန်မှကြောက်စရာကောင်းလို့ ဒကာစိန် (တင်ပါ့)၊ တောင်ကြီးဟာကုန်စရာရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ အဲဒါမကပါဘူးတဲ့ မင်းတို့ အိုခဲ့၊ နာခဲ့၊ သေခဲ့ရတာ. . . (မှန်ပါ့ဘုရား)။

## အထည်အဖြစ်နဲ့ သတ္တဝါအစမမြင်နိုင်

အဲဒီတော့ ဘယ်မှာအဆုံးကိစ္စကို မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)၊ အဲဒီတော့ မင်းတို့ပုဂ္ဂိုလ်သတ္တဝါအထည်မဖြစ်နဲ့ဖြင့် အဆုံးအစလိုက်ကြည့်မယ်ဆိုရင် ငါဘုရားသည်၊ မမြင်နိုင်အောင်ပဲ ရှည်လျားပြီးနေတယ်၊ တွေးခြင်းကြောင့်လည်း ကျေးဇူးမရှိတော့ဘူးကွတဲ့။

## အဝိဇ္ဇာနှင့် တဏှာကစတယ်

အဲဒီတော့ မင်းတို့အစကို ကာမနယ်ကနေပြရလို့ရှိရင်ဖြင့် အဝိဇ္ဇာနဲ့တဏှာပဲ. . . (မှန်ပါ့)၊ သူမသေသ၍ သွားမှာပဲတဲ့၊ အမယ်လေးသွားမှာပဲတဲ့၊ သူသေရင်ဖြင့် (မသွားတော့ပါဘုရား)။

အေး. . . နောက်တုန်းက ခန္ဓာတွေတည်ထောင်ပြီး အိုပွဲ နာပွဲတွေ ဆင်ခဲ့ရတာ မပြီးသေး၊ ဒီအတိုင်းချည့် ကြည့်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့၊ ငါ့အိုပွဲ နာပွဲ သေပွဲတွေဟာလည်း

ကိုယ်ကိုယ်တိုင်ခံခဲ့ရတဲ့ပွဲတွေ. . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ လက်သည်အနီးကပ်က ဖြင့် ဒကာ ဒကာမတို့ မမိသေးဘူး၊ အင်း. . . သတ္တဝါ အိုပွဲ နာပွဲ သေပွဲ နဲ့အောင်လုပ်လေသမျှ အဝိဇ္ဇာ၊ တဏှာကဆိုတာ ကော ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား)။

## ယောက်ျားလုပ်တဲ့ပုဂ္ဂိုလ်

အေး. . . အဝိဇ္ဇာ တဏှာကဆိုတာ ဒကာ ဒကာမတို့ ရှင်းကြပါတော့. . . (မှန်ပါ့)။ ယခုဘဝမှာလည်း ခင်ဗျားတို့မရခင် ကလည်း မသက်သာပါဘူး၊ သူများအလိုလိုက်ပြီး၊ သူများ အကြိုက်နဲ့နေခဲ့ရတယ်၊ ယောက်ျားလုပ်တဲ့ပုဂ္ဂိုလ်ကလည်း သား တွေ သမီးတွေ ခင်ပွန်းမတွေအတွက် စိတ်ချမ်းသာပါစေတော့ လို့ဆိုပြီး အစားလျှော့၊ အဝတ်လျှော့၊ အပြောအဆိုသည်းခံပြီး သကာလ အောက်ကျနောက်ကျနေခဲ့ရတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ထားခဲ့ရတယ်၊ ပြောချင်တာလည်း မပြောရ၊ ဆိုချင်တာလည်း မဆိုရ၊ ကိုယ့်စိတ်တိုင်းကျမနေရဆို တာတွေ ယောက်ျားလုပ်တဲ့ပုဂ္ဂိုလ်မှာ ဒုက္ခမျိုးစုံအကုန်လုပ်တယ်။

## မိန်းမလုပ်တဲ့ပုဂ္ဂိုလ်

မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလည်း ဒီယောကျ်ားနဲ့ သူ စိတ်ကျေနပ်လောက်အောင်ဆိုပြီး ဆွေတွေမျိုးတွေ အကုန်ငဲ့စောင်းပြီး မျှသိပ်ရတာနဲ့ပဲ ကိုယ်မှာတစ်ခါတည်း အကုန်မျှသိပ်ပြီးသကာလ ဒုက္ခမျိုးစုံဟာ ဟော့- တစ်ယောက်တည်းပဲခံပါတော့မယ်၊ သူတို့ မသိစေတော့ပါဘူး. . . (မှန်ပါ့)။

ဆိုပြီးသကာလ ဒကာ ဒကာမတို့ မျှသိပ်ပြီးသကာလ နေရတာ ဒါကိုဖြင့်လည်းရှိပါစေတော့၊ ဟိုဟာကိုဖြင့်လည်း ရှိပါစေတော့၊ သားနှိပ်စက်လည်းရှိပါစေတော့၊ သမီးနှိပ်စက်လည်း ရှိပါစေတော့၊ ညီမနှိပ်စက်လည်း ရှိပါစေတော့ဆိုပြီးသကာလ ဒုက္ခမျိုးစုံရှိပါစေတော့ဆိုတဲ့ ခန္ဓာကိုယ်ကြီးနဲ့ လိုင်စင်ယူပြီး ခံထားတာ။

ဒီလောက်တောင် ခင်ဗျားတို့ဖြစ်စဉ်ကဖြင့် မဆိုးလားဗျာ (ဆိုးပါတယ်ဘုရား)၊ ကဲ ဒကာ ဒကာမတို့နေရတာဖြင့် ချမ်းသာတာများပါကြရဲ့လား. . . (မပါပါဘုရား)။

## အနာခံတဲ့ဘက်ကနေတယ်

သားရေး သမီးရေးတွေနဲ့ ရောင့်ရဲလွယ်တယ်ဟော့၊ သူကသာ အနာခံမယ်၊ မိန်းမလုပ်တဲ့လူကလည်း အနာခံတဲ့ဘက်က ချည့် မနေဘူးလား. . . (နေပါတယ်ဘုရား)။

ခင်ပွန်းကလာပြန်တော့ကော. . . (အနာခံတဲ့ဘက်က ချည်းပါဘုရား)၊ အေး- သူတို့သာ စိတ်ချမ်းသာပါစေ၊ တို့ကတော့ ဘယ်လိုပဲ ဝတ်ရ ဝတ်ရ၊ ဘယ်လို စားရ စားရ၊ ပြောသာပြော ရတယ် အတွင်းကထွက်လာတယ်၊ ရှိပါစေတော့ဆိုတာလည်း ပါရဲ့. . . (တင်ပါ့)။

အကုန်တစ်ခါတည်း၊ ဒုက္ခမျိုးစုံဟူသ၍ သူသာလျှင် သိမ်းယူမယ်သိမ်းခံမယ်ဆိုတဲ့ အဓိပ္ပါယ်က ကိုယ့်သန္တာန်မှာရနေ တယ်၊ အဲဒီဒုက္ခမျိုးစုံဆိုတာ ဒကာတွေမှာလည်း အကုန်ရ၊ ဒကာမတွေမှာလည်း. . . (အကုန်ရပါတယ်ဘုရား)။

## ဒုက္ခပင်လယ်ဝေခဲ့ရ

အကုန်ရပြီးသကာလထားတော့ ဒီအထဲကနေပြီး ခင်ဗျားတို့ ဒုက္ခပင်လယ်ဝေပြီးသကာလ ဘယ်လိုနေခဲ့ရသလဲ၊ သူများအလိုလိုက်ပြီး ကိုယ့်အကြိုက်တစ်ခုမှမပါဘဲနဲ့ နေတဲ့အထဲ ကများ ပျော်သေးတယ်ဆိုတာက၊ ဟယ်. . . ငြီးငွေ့ရမှန်းမသိမှု တွေနဲ့သာလျှင် ပျော်နေကြတယ်ဆိုတာ သေချာရောက်တယ်၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

အဲဒါကြောင့် ဒကာ ဒကာမတို့ မတော်တော့ပါဘူး၊ ဇာတ်သိမ်းလိုက်ပါတော့၊ ဒီအတွင်းက လွတ်ကင်းအောင်ပဲ ကျင့်လိုက်ပါတော့လို့ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါ တယ်ဘုရား)။

ဒီဟာသည် ဒီအဝိဇ္ဇာ တဏှာမှ မပယ်လို့ရှိရင် နောက်ဘဝမှာလည်း ဟိုလိုသားနဲ့တွေ့ပြီး၊ ဟိုလိုလုပ်ပြီး၊ ဟိုလူ့အကြိုက်ပဲ မျိုးသိပ်တဲ့အလုပ်ကြီးနဲ့ပဲ နေရဦးတော့မှာပဲ၊ အပျက်သဘောပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။

ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်မှာလည်း ကိုယ့်သဘောပါသေးရဲ့လား. . . (မပါပါဘုရား)၊ ဒီလို ဒီလိုမျိုသိပ်ပြီးသကာလ ဒီလိုဆိုပြီး ဆင်းဆင်းရဲရဲနဲ့ ဘဝင်မကျဘဲနဲ့ကော ကိုယ်ပြောလို့မရ၊ ဒီလိုပဲနေတယ်. . . (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ ကိုယ်တိုင်ပဲ မျိုသိပ်ပြီးတွေ့ထားတာသိလျက်သားနဲ့ဖြင့် ဩော်- ဝဋ်မကျွတ်ချင်ဘူးဆိုတာ အတော်ကြီးအံ့စရာကောင်းတယ်. . . (မှန်ပါ့)၊ အတော်ကြီးအံ့စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

ဝဋ်ဆိုတဲ့အလုပ်ဟာ ကိလေသနော်၊ အင်း. . ကိလေသကျမှ ခင်တတ်လာခဲ့ရတယ်၊ ခင်တာနဲ့ပဲ သုံးတာ ဖြုန်းတာတွေကြည့်နေလိုက်ရတယ်. . . (တင်ပါ့)။

## ခင်လွန်းလို့ပေါ့

ခင်တာနဲ့ပဲ ကိုယ့်မှာတစ်ခါတည်း သူတို့ဝေဒနာကပ်တယ်ဆို ကိုယ်ဖိ ရင်ဖိလုပ်လိုက်ရတယ်၊ ခင်လွန်းလို့ပေါ့ဗျာ. . . (တင်ပါ့)။

သားတွေကခင်၊ သမီးတွေကခင်၊ ဆွေတွေမျိုးတွေက ရော ခင်တာတွေရောက်တယ်၊ နည်းအမျိုးမျိုးကြွေးတွေဆပ်နေ တာက သူကိုယ်က သည်းခံစိတ်၊ သည်းခံပြီးကြည့်တယ်၊ သည်း ခံပြီးလုပ်ပေးတယ်၊ သည်းခံပြီး ကျွေးမွေးတယ် (မှန်ပါ့)။

လာလိုက်ရတဲ့ဖြစ်ခြင်း၊ ဒုက္ခဝေဒနာမျိုးစုံက မသက်သာ လို့ မြဲပြီးခံနေရတဲ့ဥစ္စာတွေဟာ ဘဝတိုင်းမှာ ဆုံးသာဆုံးသွား တယ်၊ တစ်နေ့မှ မမြဲခဲ့ရတဲ့နေ့ပါသေးသလား. . (မပါပါဘုရား)။

ရှိပါစေတော့၊ သုံးပါစေတော့၊ ဖြုန်းပါစေတော့၊ သူက ချည်းပဲသွားပါစေတော့၊ ဒီလို ဒီလိုဖြစ်လာတော့ မတတ်နိုင်ဘူး၊ ရှိပါစေတော့၊ ဒါနဲ့အချိန်ကုန်နေတာ ယောကျ်ားလုပ်တဲ့လူက လည်း ဒါနဲ့ အချိန်ကုန်တာပဲ၊ မိန်းမလုပ်တဲ့လူကကော. . . (ဒါနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

ဒီအထဲကနေပြီးသကာလ နောက်တဖန်များ သံသရာ ရှည်ချင်တဲ့လူဟာ နောက်ဘဝရချင်သေးတယ်ဆိုရင် ဒုက္ခမျိုးစုံ ယူရစ်ချင်သေးလို့ပေါ့ဗျာ (တင်ပါ့)၊ ဒီအဓိပ္ပါယ်ပဲ မရောက်ဘူး လား. . . (ရောက်ပါတယ်ဘုရား)၊ ကိုထွန်းအောင်၊ ပေါ်ရဲ့လား . . . (ပေါ်ပါတယ်ဘုရား)။

## အရမတော်ကြောင်းပြောနေရတာ

ဒုက္ခချည်းပြောနေတာ ဒကာ ဒကာမတို့ ခင်ဗျားတို့က အရတော်လှပြီဆိုတော့၊ အရမတော်ကြောင်းပြောနေတာ (မှန်လှ

ပါဘုရား)၊ အရတော်တယ်ဆိုတာ ဒီအထဲမှာ ထုတ်ပြစမ်းပါ ဘယ်သူများပါသတုံး. . . (မပါပါဘူးဘုရား)။

သားကြောက်နေရတာနဲ့ သမီးကြောက်နေရတာနဲ့ ခင်ပွန်းကြောက်နေရတာနဲ့. . . (တင်ပါ့ဘုရား)၊ ပြုံးကြောက်၊ ကြောက်နေရတာနဲ့၊ မဲ့ကြောက်ကြောက်နေရတာနဲ့ ဒီလိုမလာဘူလား. . . (လာပါတယ်ဘုရား)။

တစ်ခါတလေကျတော့ မဲ့ပြီးသကာလ သူ သွားချင်တဲ့ လမ်း မသွားရဘူးလို့ မျက်ရည်တွေကျပြီး၊ မဲ့ပြီးပြောရသေးတယ်၊ မတတ်နိုင်ဘူးဟော့တဲ့၊ လွှတ်လိုက်ရမှာပဲ ဒီလိုကောမလာဘူးလား၊ စွန့်လို့ရရဲ့လား. . . ။

## အပါယ်အကျခံပြီး အော်ရတယ်

အဲ ဒီအထဲမှာ အော်လိုက်၊ ငေါက်လိုက်နဲ့ အပါယ်အကျခံပြီးသကာလ၊ ဒီလိုဖြင့် မပြတ်နိုင်ဘူးဆိုပြီး မပြောချင်ဘဲနဲ့လည်း ပြောလိုက်ရတယ်၊ အပါယ်ကျခံပြီးလည်း တားလိုက်ရတဲ့အလုံးတွေကော. . . (ပါပါတယ်ဘုရား)။

အမလေး ဒကာ ဒကာမတို့ ငိုလိုက်ရတာတောင် အပါယ်ရှိုးရှိုးနဲ့ လိုက်ရတာတောင်၊ ကိုယ်ကိုယ်တိုင် အပါယ်အကျခံပြီး ပြောလိုက်ဆိုလိုက်ရတာကကော. . . (ပါပါတယ်ဘုရား)။

အမလေး ဒကာ ဒကာမတို့ ဘယ်ဟာများ ခင်ဗျားတို့ ကိုယ့်အလိုလိုက်၊ ကိုယ့်အကြိုက်များ နေရတဲ့အချိန်ပြောစမ်းပါဦး. . . (မရှိပါဘူးဘုရား)။

သူများအလိုလိုက်၊ သူများအကြိုက် သူများအလိုက် ကြည့်ပြီးနေခဲ့ရတယ်၊ ကျွန်သပေါက်ဘဝကနေပြီးသကာလ ပျော်တော့ အရှင်ပျော်မဟုတ်ဘူး၊ ကျွန်ပျော်တော့ကို ကျွန်ပျော်တာ ဒကာ ဒကာမတွေမှာ အရှင့်အကြိုက်နေခဲ့ရတယ်၊ ဒီပြင် ဘာရသေးသလဲ. . . (မရပါဘုရား)၊ အဲဒါ ခင်ဗျားတို့က မရိပ်မိတော့ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ရှေ့ဘာများဖြစ်ချင်ကြသေးသတုံး (ဘာမှမဖြစ်ချင်ပါဘူးဘုရား၊ ဒီတရားနဲ့သာမှီပြီး သကာလ ကောင်းမွန်စွာကျင့်ပါတော့မည်ဘုရား)။

## မရှည်ချင်ပါနဲ့တော့

မှတ်ထားပါတော့ ဒကာစိန်၊ မရှည်ချင်ပါနဲ့တော့၊ မရှည်ချင်ပါနဲ့တော့ ဒကာ ဒကာမတို့ ရှည်ချင်ကြသေးလား. . . (မရှည်ချင်ပါဘူးဘုရား)။

ရှည်ချင်ရင် ခင်ဗျားတို့ဖြင့် ကျွန်သက်ရှည်လေလေ၊ သပေါက်သက်ရှည်လေလေ၊ အပါယ်သက်ရှည်လေလေ၊ အပါယ်သက်ရှည်လေလေ မျက်ရည်ကြီးငယ်ကျသက်ရှည်လေလေ (မှန်လှပါဘုရား)၊ ဒီလိုမနေဘူးလား. . . (နေပါတယ်ဘုရား)။

အလောင်းခင်းပြီး၊ မြေကြီး၊ ကြီးပွားရေးဖြစ်လေလေ၊ မြေကြီး ကြီးပွားရေးဆိုတာ ကိုယ့်အလောင်းတွေဟုတ်လား၊ မြေကြီးကသာ တိုးလာတယ်၊ နောက်တစ်ခါပြန်ဖြစ်လိုက် မြေကြီးထဲမြှုပ်လိုက်၊ မြေကြီး ကြီးပွားရေးသာဖြစ်တယ်။

## ဆရာကောင်းနဲ့ကျမှ

ကိုယ့်ကြီးပွားရေးကပါရဲ့လား. . . (မပါပါဘူးဘုရား)၊ အဲဒါကြောင့် ဒကာ ဒကာမတို့ သံသရာဒီလောက်ရှည်တဲ့အထဲမှာ ဘယ်တော့မှ စခန်းသတ်ဖို့ နည်းကိုမရခဲ့ဘဲနဲ့၊ အခု ဆရာကောင်းသမားကောင်းနဲ့ကျမှ ဟောဒီလိုစခန်းသတ်ရမယ်၊ ဟောဒီက ကျွန်တွင်းက လွတ်ကင်းပြီးသကာလ မျက်ရည်ကြီးငယ်ကျနေတာ အကုန်ပျောက်ပြီးသကာလ၊ အအေးဓာတ်အကုန်ရောက်ပါလိမ့်မယ်၊ မယုံရှုကြည့်ပါဆိုတာဟာ ဘုန်းကြီးကသေသေချာချာတာဝန်ခံပါတယ်။

ရှုကြည့်လို့ရှိရင် အကုန်ပါမှာပါ ဒကာ ဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အေး- ဒါကြောင့် ဒကာ ဒကာမတို့ အခုပြောနေတဲ့စကားကလည်း ခင်ဗျားတို့ကသာ အိုတဲ့ဆီပြေးနေတာ၊ မအိုချင်ဘူးလို့ မလုပ်ပါနဲ့နော်၊ အိုမှ ဘုန်းကြီးနားကပ်လာလို့ရှိရင်လည်း ဒကာ ဒကာမတို့ အမိကလိုရင်းပြောတာက ဘယ်လိုပင်အာ

ထုတ်ဖို့ပြောငြားသော်လည်း ခင်ဗျားတို့မကျင့်ကြဘူး။ ကြိုးစားပြီး ကျင့်ဦးမှ။ ဒီလို ပြောသော်လည်း နားထောင်အောင်ပြောငြား သော်လည်း ရှင်းသေးလား. . . (မရှင်းပါဘုရား)။

## သေခါနီးမှလာတာ

နာမှလာတော့လည်း ကိုယ့်အနာကို ဂရုစိုက်နေရတာ ဒီအလုပ်ကြီး တရားနာသူတော်ကောင်းအလုပ်ကြီး၊ အနာလွတ် ရေးကို ဂရုစိုက်နိုင်သေးရဲ့လား. . . (မစိုက်နိုင်ပါဘုရား)၊ သေမှ သေခါနီးမှလာတော့ကော ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘုရား)။

အဲဒီတော့ ရှေ့ရေးကိုဖြင့် တို့ဘာဖြစ်မှာတုံး၊ မတွေးလိုက် ပါနဲ့၊ တို့သူတော်ကောင်းတရား လက်လွတ်ဖို့အရေးသာများ တော့တယ်. . . (မှန်လှပါဘုရား)။

## အမှားတော်ကြီးပေါ့

ဒါဖြင့် ဒကာ ဒကာမတွေက ရှေ့က၊ ဟော့- အရွယ်လေး ထောင့်မှ ကြိုးစားဦးမယ်ဆိုတဲ့ဥစ္စာ အမှားတော်ကြီးပေါ့ဗျာ၊ ဒကာစိန် . . . မမှားဘူးလား. . . (မှားပါတယ်ဘုရား)။

ကိုယ်ကိုယ်တိုင်မို့ ဒကာစိန် အသက်ကြီးမှ ဆရာကောင်း သမားကောင်းတွေ့မှ အင်း. . . မနည်းကြိုးစားပြီး အားထုတ်ရ တယ်၊ မနည်းမှတ်ရတယ်မဟုတ်လား. . . (မှန်လှပါဘုရား)။

## မိုးကုန်မှ ထွန်ချ

အေး. . . မှတ်ပြီး၊ ကိုယ်ကိုယ်တိုင် လုပ်ကိုင်ကြည့်တော့လည်း မလွယ်ဘူးနော်. . . (မှန်လှပါဘုရား)၊ ခန္ဓာက မခံနိုင်နာလိုက်တာတွေကများ၊ အပျက်မများဘူးလား. . . (များပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ မိုးကုန်မှ ထွန်ချလို့ ဘယ်မှာသစ်စေ့ရမှာလဲဆိုတဲ့ဥပမာအတိုင်း၊ မိုးကုန်မှ ထွန်ချပြီးသကာလ မဂ်ဉာဏ် ဖိုလ်ဉာဏ်အလုပ်ကို လုပ်ရင်ဖြင့် ဘယ်မှာသာလျှင် ဖွံ့ဖြိုး၍ မဂ်ရေစင်ကို သောက်နိုင်စရာရှိသေးရဲ့လား. . . မရှိပါဘူးဘုရား။

## အချိန်ရှိခိုက် လုံ့လစိုက်

ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ဆိုတဲ့စကားဟာ ဒကာစိန် ဖြည့်ယူခဲ့ရတဲ့ သံသရာရှည်တာကို ဖြတ်ပါဗျာ၊ ဆက်ရှည်မှာလည်း ဘုန်းကြီးများက စိုးရိမ်တယ်. . . (မှန်လှပါဘုရား)။

ရှည်လို့ရှိရင်ဖြင့် ဘာတွေနဲ့ရှည်ကြမှာလဲဆိုရင် ငိုပွဲ အိုပွဲနဲ့ ရှည်ကြမယ်၊ သေပွဲနဲ့ ရှည်ကြမယ်၊ အဲဒီတော့ ခင်ဗျားတို့ ကိုယ်တိုင်လည်း ဉာဏ်နဲ့ဝေဖန်ကြည့်တဲ့အခါ နောက်ဘာလာမှာ တုံးဆိုတော့ သူ့ကိုယ်သာပြောလိုက်ပါ၊ အိုတာလာပါလိမ့်မယ်၊

နာတာလာပါလိမ့်မယ်၊ သေတာလာပါလိမ့်မယ်ဆိုတာ သူကိုယ်တိုင် မပြောဘူးလား. . . (ပြောပါတယ်)။

အဲ. . . ဖြတ်လမ်း မတွေ့သေးလို့ မဂ်လမ်းနဲ့သာ မဖြတ်သေးလို့ရှိရင် နောက်လာမှာတွေ၊ စုတေပြီးနောက်လာမှာ ဘာတွေတုံးဆိုတော့ အိုနာသေလာမှာ (မှန်ပါ့)။

တစ်ခါ မဂ်လမ်း၊ ဖြတ်လမ်း မတွေ့ပြန်ဘူးဆိုရင် နောက်လာမှာကော. . . (အို၊ နာ၊ သေ လာမှာပါဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ဉစ္စာ ဘယ်မှာသာလျှင် ခင်ဗျားတို့ချမ်းသာစစ်၊ ကျန်းမာစစ်ဆိုတဲ့ အရေးဟာ အရှည်တွေးလေလေ မပေါ်လေပဲ. . . (မပေါ်ပါဘူးဘုရား)။

## ဖြတ်လမ်းလိုက်ကြပါစို့

ဒါဖြင့် မဂ်လမ်းဖိုလ်လမ်းကိုသာလျှင် ဖြတ်လမ်းလိုက်ကြပါစို့ ဒကာ ဒကာမတို့. . . (လိုက်မှာပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်လိုဟောလိုက်သတုံးလို့ဆိုလို့ရှိရင် သံယုတ်ပါဠိတော်မှာတဲ့ စိတ်ကူးကြည့်တယ်. . . (မှန်ပါ့)၊ ဘယ်လိုစိတ်ကူးကြည့်လိုက်သလဲလို့ ဆိုလို့ရှိရင်. . .

**ကိစ္ဆော စ အယံလောကော၊ အာသံနော ဇရတိ ဇင်တိ မင်တိ စရတိ ဥပစရတိ။**

အယံလောကော - ဤရုပ်နာမ်ကြီး၊ စိတ်မချမ်းမသာ ပင်ပန်းလှချေစွတကား၊ တယ်ပင်ပန်းပါတယ်၊ ပင်ပန်းခြင်းသို့ အာသံနော - ရောက်လေချေစွတကား၊ အယံလောကော - ဤရုပ်နာမ်ကြီး စိတ်ချမ်းသာမပါ၊ ပင်ပန်းခြင်းသို့ အာသံနော - ရောက်လေစွတကား၊ ဇာယတိစ - အချည်းနှီးဖြစ်တယ်၊ ဇီ်တိစ - အိုလည်းအိုတယ်၊ မီ်တိစ - သေလည်းသေတယ်၊ စရတိစ - စုလည်းစုမိတယ်ကွ၊ ဥပစရတိစ - နောက်လည်း ပြန်ဖြစ်ပြန် တယ်။

ယော - သူတို့နေရတဲ့အခြေအနေ တွေးလိုက်တဲ့အခါကျ လို့ရှိရင် ဒီလိုပဲ လောကကြီးမှာ လူအပေါင်းတွေဟာ ပင်ပန်း လိုက်တာ၊ အိုနာသေနဲ့ချည်းပဲ နေရတယ်ကွ. . . (မှန်လှပါ ဘုရား)။

## အို နာ သေနဲ့ချည်း နေခဲ့ရတယ်

အိုလိုက် နာလိုက် သေလိုက်ဖြစ်လိုက် (တင်ပါ့)၊ အိုလိုက် နာလိုက် သေလိုက်ဖြစ်လိုက်၊ ဖြစ်ပြီးသကာလ အိုလိုက် နာလိုက် သေလိုက်၊ သေပြီးဖြစ်လိုက်၊ ဖြစ်ပြီးတော့ အိုလိုက် နာလိုက် သေလိုက် (တင်ပါ့)။

ဒီလိုချည်းလှည့်ပြီးသကာလနေတော့ ဩော်. . . လူ အပေါင်းဟာ ပင်ပန်းလိုက်တာကွာ၊ သူတို့အတွက်ကဖြင့် အို

နာ သေကြီးကလည်း ပြီးပလား အောက်မေ့တယ်၊ မပြီးဘူး ဖြစ်ပြန်တာပဲ. . . (မှန်ပါ့)။

ဖြစ်ပြန်ပြီး ဘာတွေလိုက်လာသလဲဆိုတော့ တွေးပြန် တော့ အို နာ သေ လိုက်လာတယ်။

## ဘုရားလောင်းသုမေဓါရသေ့

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားအလောင်း သုမေဓါရှင်ရသေ့အဖြစ်က တွေးလိုက်တယ်၊ သတ္တဝါတွေ ပင် ပန်းလိုက်တာ အိုနာသေပြီးတော့ တဖန် အိုစရာ နာစရာဖြစ်ရ ပြန်တယ်၊ သဘောကျပလား. . . (ကျပါပြီ)။

အို နာ သေပြီးတော့ ဘာလာပြန် (အို နာ သေလာပြန် ပါတယ်)၊ အို နာ သေပြီးတော့ တစ်ခါ အို နာ သေဆုံးသွားလို့ ရှိရင်ပြီးရော့လို့ အောက်မေ့တယ်၊ မပြီးဘူးတဲ့၊ အိုစရာ နာစရာ သေစရာခေတ်ဆိုတာ ပေါ်လာတယ် (မှန်ပါ့)၊ ဘဝတစ်ခုပေါ် လာတယ်။

ဘဝတစ်ခုပေါ်လာတာ ဘာတွေလိုက်လာသတုံးဆို တော့ အို နာ သေပြန်လိုက်လာတယ်၊ အဲဒီ အို နာ သေဆုံး တော့၊ အင်း. . . ကိစ္စငြိမ်းသလားလို့ကြည့်လိုက်ပြန်တော့ နောက် တစ်ခါ အိုဖို့ နာဖို့ဖြစ်လာပြန်တယ် (မှန်လှပါဘုရား)

**ဆင်းရဲလှချေစွတကား**

ဘယ်မှာတုံး ဒကာ ဒကာမတွေရဲ့ **ကိစ္ဆော အယံလော ကော၊ အယံလောကော** - ဤလောကကြီးသည်၊ **ကိစ္ဆော**- ဆင်းရဲလှချေစွတကား (ဝါ) ဆင်းရဲခြင်းကို **အာသံနော** ရောက် လေစွတကား၊ သူမေဓါရသေ့က ကြည့်လိုက်တယ်။

**အနိစ္စ ဘာဝနံ ဣမဿ နိဗ္ဗိန္ဒံ န ဥပ္ပဇ္ဇတိ။**

**အနိစ္စ ဘာဝနံ** သူတို့သည် အို နာ သေအဖြစ်ကို သူတို့ သန္တာန်နားနေငြားသော်လည်း၊ **ဣမဿ** - ဤအိုမှုသေမှု၏၊ **နိဿင္ဋ**-ထွက်မြောက်ရာကို၊ **နပဇာနာတိ**-သူတို့က မသိပြန်ဘူး ကွာ။

အို နာ သေအဖြစ်ကို ရပ်ကဲ့လား. . .။ အို နာ သေ ဖြေးဖြေးဖြစ်ဖြစ်ပြီးနောက် ဘာလာသလဲ. . . (အိုနာသေပါ ဘုရား)။ အို နာ သေပြီး ဘာလာမလဲ. . . (အိုနာသေပါဘုရား)၊ ဖြစ်ပြန်ရော၊ ပဋိသန္ဓေနေမြဲ၊ ဖြစ်ခြင်းပေါ့ဗျာ၊ ပြီးတော့ ဘာလာ သလဲ. . . (အိုနာသေပါဘုရား)။

အမလေး ဒါတွေပဲလှည့်ပြီးသကာလနေတော့ ဒါတွေ ကိုလည်း ကျုပ်တို့က မမြင်တော့၊ **အထစရနာ** - အိုနာသေခေတ် ကို လှည့်၍ နေငြားသော်လည်း၊ **ဇရာမရဏဿ** - အိုနာသေ တို့၏ **နိဿင္ဋ**-ထွက်မြောက်ရာအရပ်ကိုလည်း **နဇာနာတိ**- သူတို့က မသိ။

နဂိုကလည်း နေရတာက အနေဆိုး. . . (မှန်ပါ့)၊ အနေ ကောင်းထွက်ပေါက်ရှာမတွေ့ဘူး၊ အမလေး ဘယ်လောက်များ ဆိုးလိုက်သလဲ ဒကာ ဒကာမတို့ နဂိုက ဘယ်လိုနေရသလဲ. . . (အိုနာသေပါဘုရား)၊ အိုနာသေခေတ်ကိုဗျ. . . (မှန်ပါ့)၊ နေကောမနေရဘူးလား. . . (နေရပါတယ်ဘုရား)။

အနေဆိုးနေရပြီးသကာလ ဒီအထဲရောက်လာပြီး၊ အိုပွဲ နာပွဲ သေပွဲ ပြေးလိုက်၊ ဖြစ်လိုက် ပျက်လိုက်ပြီး အိုနာသေနဲ့ လှည့်လိုက် လှည့်ပြီးတစ်ခါပြန်ဖြစ်လိုက်၊ ဖြစ်ပြီးတစ်ခါ ဘာလာ ပြန်သတုံး. . . (အိုနာသေ လာပြန်ပါတယ်ဘုရား)။

## အိုနာသေလွတ်ရာမသိကြဘူး

အိုနာသေပြီး တစ်ခါဖြစ်ပြန်တာပဲ. . . (မှန်ပါ့)၊ အဲဒါ မပြတ်ဖြစ်နေတာ. . . (မှန်ပါ့)၊ ဖြစ်ပြန်တော့ ဘယ်မှာဖြစ်ရမယ်၊ တိုးတက်လာပြန်တော့၊ အထောက်အပံ့က ပြင်ဘက်ကို အိုနာ သေခေတ်ကို လှည့်၍ နေငြားသော်လည်း၊ ဇရာ **မရဏာဿ**-အိုမှု သေမှုကို **နိဿရဏံ**-ထွက်မြောက်ရာအရပ်ကလည်း၊ အိုနာသေ မှ လွတ်မြောက်ရာအရပ်ကိုလည်း **နပဇာနာတိ**-သူတို့ကမသိနိုင် ဘူးတဲ့. . . (မှန်ပါ့)။

အင်း-နေရတာက ဆင်းရဲ ထွက်ပေါက်ကရှာမတွေ့၊ ဘယ်လောက်များဆိုးသလဲ၊ နေရတာက ဘယ်လိုနေရသလဲ. .

(ဆင်းရဲပါတယ်ဘုရား)၊ အိုနာသေ ဆင်းရဲထဲမှာနေရတယ်၊ နောင်တဖန်ပြန်ဖြစ်တယ်၊ ဖြစ်ပြန်တော့လည်း အိုနာသေနောက်က လိုက်ပြန်တယ်၊ နောက်တစ်ဖန် ပြန်ဖြစ်ပြန်တယ်။

## ထွက်ပေါက်ရှာမတွေ့ဘူး

အဲဒီလိုဖြစ်နေတဲ့အထဲ လွတ်မြောက်ရာထွက်ပေါက်ကလည်း ရှာမတွေ့ဘူး. . . (မှန်ပါ့)၊ ညည်းတော့ညည်းကြတယ် ဒကာ ဒကာမတွေက အမလေး ဒီအပူမီး ဘယ်အခါ ငြိမ်းပါ့မတုံး။

ဒီမီးဘယ်အခါမှ ငြိမ်းပါ့မတုံးလို့ဆိုပြီးသကာလ အော်သာအော်တယ် ဘယ်လိုငြိမ်းရမယ်ဆိုတာလည်း မသိဘူး. . (မသိပါဘူးဘုရား)။

## ဒီအပူဘာအပူနဲ့မှ မတူဘူးတဲ့

ဒီမီးတွေ ဘယ်တော့ငြိမ်းပါ့မလဲလို့ အော်နေတာ၊ အော်သာအော်တယ် ဘယ်လိုငြိမ်းရမယ်ဆိုတာလည်း သိသလား. . . (မသိပါဘူးဘုရား)။ သူအော်ပုံကြည့်ပါလား၊ ဒီအပူ ဘာအပူနဲ့မှ မတူဘူးတဲ့၊ အင်မတန် ပူလှချည့်ရဲ့၊ ဘယ်တော့မှ ငြိမ်းပါ့မလဲ၊ မအော်လား. . . (အော်ပါတယ်ဘုရား)။

အော်သာအော်တယ် ဘယ်လိုငြိမ်းရမယ် သူသိသေးရဲ့လား. . . (မသိပါဘုရား)၊ မသိတော့ တစ်ခါတည်း အိုနာသေထဲ ပြန်တွေ့ပြီးသကာလ၊ နောက် သူ ဒီသား၊ ဒီမယားနဲ့ အတူတူ ပြန်ပြီးအားထုတ်လိုက်တယ်. . . (မှန်ပါ)။

ပြန်အားထုတ်လိုက်ပြန်တော့ ပြန်ပြီးဖြစ်ပြန်တော့၊ အိုနာသေကြီးဖြစ်ပြန်တော့၊ နောက်တစ်ခါ ဒီအမေတွေနဲ့ ဒီလာဖြစ်ရင် ဒီအပူတွေ ဘယ်သူငြိမ်းပါ့မလဲဆိုတာ လာပြန်တာပဲ (တင်ပါ့ဘုရား)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

## သုမေဓါဘဝမှာဖြစ်ဖူးတယ်

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒါ ဘုရားလောင်း သုမေဓါရှင်ရသေ့ ဘဝမှာ ဤကဲ့သို့ဖြစ်ဖူးတယ်၊ အင်း- အိုနာသေဖြစ်ပြီး ငိုပွဲတွေဆင်ပြီးသကာလနေငြားသော်လည်း ထွက်မြောက်ရာအရပ်ကိုလည်း သူတို့က မသိရှာဘူး ခက်လိုက်တဲ့ဖြစ်ခြင်း (တင်ပါ့)။

ခက်လိုက်တဲ့ဖြစ်ခြင်း၊ အိုနာသေတွေနဲ့ချည်း နေငြားသော်လည်း ထွက်မြောက်ရာအရပ်ကိုလည်း သူတို့ မရှာနိုင်ဘူး။

ခက်လိုက်တာဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်၊ ဘုရားအလောင်းတော် သုမေဓါဆိုတာ အငယ်လေးရှိသေးတာပဲ၊ ဒီပင်္ကရာဘုရားဆိုတော့ဗျာ၊ အများကြီးဝေးသေးတာပေါ့၊ ဂေါတမဘုရားဖြစ်ဖို့က. . . (မှန်ပါ့ဘုရား)။

## သူကိုယ်တိုင်ညည်းတာ

အဲဒီအခါတုန်းက ကတည်းက အိုနာသေတွေလှည့်ပတ်ပြီးနေတော့ အိုနာသေတွေ၏ ထွက်မြောက်ရာကိုလည်း သူမသိ၊ ခက်လိုက်တာ၊ ငါကိုယ်တိုင် ဘယ့်နှယ်လုပ်ရပါ့မတုံး၊ သူကိုယ်တိုင်ညည်းတာ၊ သူကိုယ်တိုင်ညည်းနေတယ်၊ သူကိုယ်တိုင်တွေ့ကြုံပြီး အိုနာသေနဲ့လှည့်နေတယ်။

ထွက်မြောက်ရာလည်း သူကရှာမတွေ့ဘူး၊ ထွက်မြောက်ရာလည်း ရှာမတွေ့ခဲ့ဘူးတဲ့ အကန်းလမ်းလိုက်နေတာကိုတဲ့။

မဂ်လမ်းဖိုလ်လမ်းဆိုတာကတော့ အခုလို သာသနာတွင်း ဆရာကောင်းသမားကောင်းကြုံမှ ထွက်မြောက်ရာသိမှာ (မှန်ပါ့ဘုရား)။

အဲဒီ သုမေဓါရသေ့ကိုယ်တိုင် စိတ်မချမ်းသာတဲ့နောက်တော့ **အာသံနော ဇဂတိ ဇင်္ဂတိ မင်္ဂတိ စရတိ ဥပစရတိ။** ဩော်. . . သတ္တဝါတွေ အိုနာသေနဲ့နေလိုက်တာ အတော်ပင်ပန်းပြီ၊ ပင်ပန်းလွန်းတော့ လှည့်ပြေးနေတုန်းကိုပင်လျှင် ထွက်ပေါက်ကလည်း ရှာမတွေ့၊ ဘယ်လောက်ဝဋ်ကြီးတယ်ဆိုတာ. . (ကြီးပါတယ်ဘုရား)။

အိုနာသေနဲ့နေရတယ်၊ ဖြစ်လိုက် အိုလိုက် နာလိုက် သေလိုက်၊ သေပြီးတစ်ခါပြန်ဖြစ်လိုက် . . . အိုလိုက် နာလိုက် သေလိုက် ဖြစ်ပြီး ဘာဖြစ်ပြန်. . . (အိုနာသေပါဘုရား)။

ဖြစ်လိုက်ပြီးတဲ့နောက်ကော. . . (အိုလိုက် နာလိုက် သေလိုက်ပါဘုရား)၊ အမလေး . . . အလောင်းပြေးကြီးပါလား . . . (မှန်ပါ့)၊ အလောင်းရွေးသေးလား ဒကာ ဒကာမတို့ . . (မရွေး ပါဘုရား)၊ အိုလိုက်ပြီး ဘာတုံး. . . (သေပါတယ်ဘုရား)၊ အလောင်းမရွေးတော့ အလောင်းကောင်မှတစ်ပါး ဘာဖြစ်ဦးမှာတုံး. . . (ဘာမှမဖြစ်ပါဘုရား)။

ဒီ အိုနာသေတွေထဲမှာလှည့်ပြီး နေချင်သေးသလား. . (မနေချင်ပါဘူးဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

**နပဇာနာတိ၊ အထစပန ဣမဿ ဒုက္ခဿ နိဿရဏံ နပဇာနာတိ၊ ဇရာ မရဏာဿ။**

**ဇရာမရဏာဿ** - အိုနာသေမွဲကွဲတို့၏၊ **နိဿရဏံ**-ထွက်မြောက်ရာအရပ်ကို၊ **အထစပန** - ထိုသို့တည့်နေငြားသော်လည်း၊ **နပဇာနာတိ** - သူတို့မသိဘူးကွာတဲ့။

## သူကိုယ်တိုင်လည်း ရှာမတွေ့ဘူးတဲ့

အမှားကြီးတွေ့နေတယ် မကောင်းတာကြီး လွတ်အောင်ရုန်းမှာပဲဆိုတော့ လမ်းလည်း ရှာမတွေ့ဘူး. . . (မှန်ပါ့)၊ သနားလိုက်တဲ့ဖြစ်ခြင်းမှမပြောနဲ့ သူကိုယ်တိုင်လည်း ရှာမတွေ့ဘူး၊ ငါ့ကိုယ်တိုင်လည်း ရှာမတွေ့သေးဘူးတဲ့. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ သုမေဓါရသေ့သည်တဲ့၊ သုမေဓါရသေ့ ကိုယ်တိုင် ပင်ပန်းတာတော့သိတယ်၊ ဒီပင်ပန်းတဲ့နေရာက ဘယ်လိုထွက်ရပ့ါမလဲလို့. . . (မှန်ပ့ါဘုရား)။

**ဥဒါသိ ပန ဇရာမရဏာသ နိဿရဏံ ပညာဝိသုဒ္ဓိ။**

**ဥဒါသိပန** - ဘယ်အခါကာလကျမှ ငါသွားရမှာ၊ **ဇရာ မရဏာသ** - အိုခြင်း သေခြင်း၏၊ **နိဿရဏံ** - ထွက်မြောက်ရာ ကို၊ **န ပညာယတိ** - ထင်နိုင်ပ့ါမလဲ။

ငါသွားလမ်းသည်ကားလို့ဆိုလို့ရှိရင် ဘယ်တော့မှ ဒီဥစ္စာကြီးကို ထွက်မြောက်ရာလမ်းကြီးကို မြင်နိုင်ထင်နိုင်ပ့ါမလဲ ဆိုတာ သူ့ဟာသူကို တောင့်တရတယ်. . . (မှန်လှပါဘုရား)။

## နှစဉ်တုန်းကပြောခဲ့တဲ့စကား

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားလောင်းကိုယ်တိုင် မလွယ်ပေဘူးနော်. . . (မလွယ်ပါဘုရား)၊ မလွယ်ဘူး၊ သူ နှစဉ် အခါတုန်းကပြောနေတဲ့အချက်. . . (တင်ပ့ါဘုရား)၊ ပြောနေတဲ့ စကား ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒါကြောင့် ဒကာ ဒကာမတို့ အခုတော့ သူ ဘုရား ဖြစ်လို့ ဘုန်းကြီးများက အမွေခံပြီးတော့ ဟောဒါ ထွက်ရလမ်းပဲ ဒကာ ဒကာမတို့ အိုနာသေမွဲကွဲဇာတ်သိမ်းဉာဏ်ဟာ ဟောဒီ ဉာဏ်ပဲ. . . (မှန်ပ့ါ)။

## ပေါ့ပေါ့မနေလိုက်ပါနဲ့

ဟောဒီဘုရားကပင် ဟောဒီလို ဇာတ်သိမ်းပြီး၊ ဟောဒီလို အေးပါတယ်ဆိုတာ ဘုန်းကြီးကပြနေတာ. . . (မှန်ပါ)၊ တင်ပြနေတာ တင်ပြနေတာ။

အဲဒီတော့ ဒကာစိန်တို့ အထူးလိုက်သင့်တယ်၊ မလိုက်သင့်ဘူးလား. . . (လိုက်သင့်ပါတယ်ဘုရား)၊ အေး-ဒါကြောင့် ဒကာ ဒကာမတို့ ပေါ့ပေါ့တန်တန်မနေလိုက်ပါနဲ့. . . (တင်ပါ့ဘုရား)။

## ခေတ္တခဏလေးလာနေကြတာ

အေး . . . လူဖြစ်တဲ့ဘဝဟာလည်း ရမ်းပြီးမအောက်မေ့နဲ့ ခေတ္တလေးနော်. . . (မှန်ပါ့)၊ ခေတ္တလေး ခဏလေး ယာယီလေးနော်. . . (မှန်ပါ့)၊ မင်းတို့အသက်ဟာ ယာယီမို့လား . . . (ယာယီ ပါဘုရား)။

ဘုန်းကြီးဆီမှာ ဟန်နဲ့ပန်နဲ့ ပြတာဖြင့်၊ နက်ဖြန်ညနေကျတော့ ဟိုက ထစ်ခနဲချုပ်၊ ဒီက ထစ်ခနဲချုပ် ဘာကျန်သေးလဲ၊ ယာယီမဏ္ဍပ်ကို ကျုပ်တို့လာနေကြတာပဲ၊ ယာယီပဲဆိုတာ သဘောကျကြပြီလား. . . ကျပါပြီဘုရား၊ အခုတော့ စုနေကြတာ ဘာပါလိမ့်. . . (ယာယီပါဘုရား)၊ နက်ဖြန်မင်္ဂလာဈေးဖြစ်နိုင်တယ်ဗျ. . . (မှန်ပါ့ဘုရား)။

မဏ္ဍာပ်ပျက်ကြီးဖြစ်နိုင်တယ်၊ ယနေ့ စုရုံးတာဟာ နက်ဖြန် မင်္ဂလာဈေးဖြစ်နိုင်တယ်၊ ကိုယ့်ခြေထောက်နဲ့ကိုယ့်ဘဝမှ ကိုယ်မသယ်နိုင်တဲ့အခြေကို ရောက်နိုင်တယ်။

## နိဗ္ဗာန်ကိုသာ အရလှမ်းလိုက်ပါ

နက်ဖြန် မဏ္ဍာပ်ပျက်ကောမဖြစ်နိုင်ဘူးလား. . . (ဖြစ်နိုင်ပါတယ်ဘုရား)၊ အဲဒီလောက် နီးကပ်နေတာ ဖြစ်နေသောကြောင့် ယာယီအဖြစ်ကို မြန်မြန်ဇာတ်သိမ်းပြီးသကာလ ခိုင်မြဲတဲ့နိဗ္ဗာန်ကိုသာ အရလှမ်းလိုက်ပါဆိုတာ မတိုက်တွန်းသင့်ဘူးလား. . . တိုက်တွန်းသင့်ပါတယ်ဘုရား)။

အေး. . . တိုက်တွန်းသင့်တယ် ဒကာစိန်ရ. . . (မှန်ပါ့)၊ တိုက်တွန်းသင့်တယ်။

ကဲ- ဒကာ ဒကာမတို့ တော်တော်သံဝေဂယူဖို့ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ ခင်ဗျားတို့တစ်တွေ နေကြရတာ ယာယီမဏ္ဍာပ်တွေပါ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ယာယီမဏ္ဍာပ်တွေမှ ကွဲထွက်ပြီး ကိုယ့်အဘိုးတွေ အဘွားတွေဟာ ယာယီမဏ္ဍာပ်ပျက်တွေဖြစ်ပြီး၊ မဏ္ဍာပ်စကိုရှာမတွေ့ဘူး . . . (မှန်ပါ့)၊ သုသာန်မှာ သည်မြေတွေဖြစ်ကုန်ကြလို့။

## ယာယီတွေကမွေးတာ

ဒီမှာလည်း သူတို့ကမွေးလာတာတွေဖြစ်သောကြောင့် ယာယီတွေက မွေးလို့ ယာယီဖြစ်ဦးမှာပဲဆိုတာတွေးလို့ တယ်ကောင်း. . . (ကောင်းပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ယာယီတွေက မွေးတာမဟုတ်လား. . (မှန်ပါ့)။

ဒီအထဲ အမေ အဖေသေ၊ အဘိုးသေ အဘွားသေတွေ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ခင်ဗျားတို့ အဘိုးတွေ အဘွားတွေက ယာယီတွေဖြစ်လို့ ယာယီဖြစ်သွားကုန်ပြီ. . . (တင်ပါ့)။

ခင်ဗျားတို့ သူတို့ကမွေးတော့ အမြဲဖြစ်နိုင်ပါ့မလား. . . (မဖြစ်နိုင်ပါဘုရား၊ ယာယီပါပဲ)၊ ယာယီပဲ၊ အဲဒီယာယီကိုဖြင့် အဟုတ်ထင်ပြီးသကာလ တစ်ပြည်လုံးအပျက်တွေထဲမှာ တစ်ခါတည်း နိစ္စထင်ပြီး မြဲတယ် ခိုင်တယ်လို့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ အားလုံးပါပဲ၊ မယူလိုက်ကြပါနဲ့. . . (မယူပါဘုရား)၊ မယူနဲ့၊ မယူနဲ့နော်။

ယူမည့်ကြံရင် သူတို့ဟာ သူတို့မြေထဲကျသွားလို့ ဘယ်သွားကုန်သတုံးဆိုတော့၊ ယာယီသုံးမို့ ပျက်စီးကုန်တယ်. . . (မှန်ပါ့)၊ သူတို့ဟာ ဘယ်သူက မွေးတာတုံးဆိုတော့. . . (ယာယီက မွေးတာပါဘုရား)၊ ယာယီကမွေးတော့ ယာယီပဲဖြစ်မှာပဲဆိုပြီး သကာလ၊ ကျုပ်တို့ဘယ်မှာသာလျှင် ယာယီမဖြစ်တဲ့နိစ္စနိဗ္ဗာန်သာလျှင် ရှာဖို့လိုတော့တယ်. . . (မှန်ပါ့ဘုရား)။

## ယာယီမဖြစ်ခင် ဇာတ်သိမ်းပါ

ယာယီမဖြစ်ခင် ဇာတ်သိမ်းမှုပဲဟာ ဆိုတော့ ဒကာစိန် သိမ်းဖို့မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ အေး-ဒါကြောင့် သေသေချာချာပြောနေတယ် ဒကာ ဒကာမတို့. . . (မှန်ပါ့ဘုရား)၊ သေသေချာချာပြောနေတယ် ဒကာစိန်ရ. . . (တင်ပါ့)၊ သဘောပါပလား. . . (ပါပါတယ်ဘုရား)။

အဲဒီတင် ဘုရားလောင်းသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဇရာ မရဏတွေမှ ထွက်စရာ လွတ်မြောက်ရာရတယ်၊ လွတ်မြောက်ရာ အိုနာသေအပြစ်တို့မှ လွတ်မြောက်ရာကို ငါသည် ဘယ်သောအခါမှ ထင်နိုင်ပါ့မလဲလို့ဆိုပြီးသကာလ ဒီပင်္ကရာ ဘုရားလက်ထက်က ပါရမီတွေ ဖြည့်လိုက်တယ်၊ အသားတွေ၊ အရိုးတွေ အရိုးစုတွေပေ့ါဗျ. . . (တင်ပါ့)။

## ပါရမီဖြည့်ပြီးလမ်းရှာတယ်

သားတွေ၊ သမီးတွေ ဒီဉာဏ်ရအောင် ဘယ်နေရာက ထွက်ရမလဲဆိုတာ လမ်းရှာတာကို (တင်ပါ့)၊ လမ်းရှာတဲ့ဉာဏ် ကြီးရှာရတာကို နည်းသလားဗျာ. . . (မနည်းပါဘူးဘုရား)၊ ဒီပင်္ကရာ၊ မေတင်္ကရာ တဏှင်္ကရာ ဆိုတဲ့ဘုရားတွေ၊ နောက် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဘုရားတွေအတွင်းမှာ သူက ပါရမီဖြည့်ဆည်းဖို့ အသားတွေကော အသွေးတွေကော ဟုတ်

လား၊ အရည်တွေတော၊ သားတွေ သမီးတွေ အစုံပေါ့ဗျာ၊ လမ်းရှာကြတာလေ၊ လမ်းရှာကြတာ. . . (တင်ပ့ါ)။ လမ်းထွက်ရှာတာ။

နောက်ကျလာတော့ ဒီလို ပါရမီတွေဖြည့်ပြီးသကာလ ကျုပ်တို့ သိဒ္ဓတ္ထမင်းသားဘဝကို ရောက်ပြီးသကာလ ဖြစ်လာတဲ့ အခါကျတော့မှ မဖြစ်ဘူး၊ အိုနာသေတွေကို ပြရပြန်တာကိုဗျ . . . (မှန်ပ့ါ)။

## နိမိတ်ကြီးလေးပါးပြ

နတ်တွေကလေ အိုနာသေတွေ ပြတဲ့အခါ၊ အိုနာသေ ရဟန်းတွေပြတဲ့အခါကျမှ၊ အင် . . . အိုနာသေတွေဟာ ရှေးတုန်းကလည်း နေဘူးခဲ့ပြီ (မှန်ပ့ါ)။

ယခု သိဒ္ဓတ္ထမင်းသားတစ်ဘဝတည်းနဲ့ လွတ်ချင်လို့ ပြောနေပေမယ့် ဒီ အိုနာသေလွတ်မှာမဟုတ်ဘူး။

## လွတ်လမ်းတွေ့ပြီ

ဒီဘက်က ရဟန်းလို သံသရာလွတ်လမ်း၊ မဂ်လမ်းကို တစ်ခါတည်း အမြဲတမ်းရောက်ပါမှသာလျှင် အေးမှာပဲဆိုပြီး၊ အိုနာသေနောက်တုန်းက တွေးလိုက်လို့ လွတ်ချင်တဲ့လမ်းစ ရထားလို့ မဂ္ဂင်ရှစ်ပါးတွေ့တယ်၊ လမ်းတွေ့ပြီ၊ လမ်းတွေ့ပြီ၊ လမ်း

တွေ့ပြီ . . . (တင်ပ့ါဘုရား) သဘောကျပလား (ကျပါပြီဘုရား) အဲဒါ ဘယ်လောက်ရှာရသတုံး၊ လွတ်လမ်းက ဘယ်လောက် ရှာရသတုံး။

မွေးတာတွေရော အိုတာတွေရော နာတာတွေရော လွတ်တဲ့လမ်းတွေ့ပြီဟာဆိုပြီးသကာလ၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ မနည်း ဒုက္ခရစရိယာကျင့်ပြီး အားထုတ်လိုက်တော့မှ လွတ်လမ်းကြီးကို မြင်လာတယ်။

## မဂ္ဂင်ရှစ်ပါးလမ်း

မဂ္ဂင်ရှစ်ပါးတည်းဟူသော ဝမ်းထဲရောက်လာတော့မှ ဟာ. . . ဒီလမ်းက အိုနာသေ၊ မွဲကွဲ လွတ်တဲ့လမ်းပါလား ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ ရောက်မှ မြင်လာတဲ့အခါကျတော့ ကိုင်း- မြင်ပြီဟာ့ !

မြင်လို့ရှိရင် ငါမသွားသေးဘူး၊ ငါတို့တပည့်သားတွေ အကုန်၊ ငါသည်ကားဆိုလို့ရှိရင် သူတို့ကို ပို့ဦးမယ်၊ ဒီလမ်းကနေ ပြီးသကာလ နိဗ္ဗာန်ဘက်ကိုပို့မယ်။

## ပဥ္စဝဂ္ဂီငါးဦးတရားဟော

ဆိုပြီးသကာလ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တဲ့ပြီးသကာလ၊ ပဥ္စဝဂ္ဂီငါးဦးကို စပြီး တရားဟောတယ်. . . (တင်ပ့ါ)။

တရားဟောလိုက်တော့ အညာသိကောဏ္ဍညကို တစ်ခါတည်း နိဗ္ဗာန်အရင်ပြတယ်၊ မင်းမြင်ပြီလားဟေ့. . . (တင်ပ့ါ)၊ မဂ္ဂသစ္စာ အရင်ရအောင်လုပ်ပေးလိုက်တယ်၊ ဖြစ်ပျက်ရှုပြီးတော့. . . (မှန်ပ့ါ)။

## ဗြဟ္မာတွေအရင်ပို့တယ်

ဖြစ်ပျက်ရှုပြီး မဂ္ဂသစ္စာပြပေးလိုက်တဲ့အခါကျတော့မှ အင်း. . . မြင်ပြီဆိုပြီး အဲဒီမှာ (၁၈) ကုဋေဗြဟ္မာတွေ အရင်ပို့ချလိုက်တယ်၊ (တင်ပ့ါဘုရား)။ သူတို့လည်း အကုန် ရဟန္တာတွေ ဖြစ်ကုန်တယ်၊ အဲဒီ ဗြဟ္မာတွေ အရင်ပို့လိုက်တယ်။

ခုနက သူမြင်တဲ့လမ်းကနေပြီး ဒီလမ်းကနေပြီး သွားကြဟေ့! နိဗ္ဗာန်မြို့ထဲမှာ တံခါးလေးပေါက်ရှိတဲ့မြို့၊ မဂ္ဂင်လေးပေါက်ရှိတဲ့မြို့. . . (တင်ပ့ါ)။

## ကိုယ်ကတော့ ဘယ်အချိန်သွားသွား

အင်မတန်ရှေးကျတဲ့ ဘုရားပေါင်း သူတော်ကောင်းတွေ ဒီလမ်းကချည့်သွားတာပဲကွဆိုပြီး သူမသွားသေးဘူး၊ သူမြင်သာမြင်ထားတယ်၊ လမ်းလည်းတွေ့နေတယ်၊ ကိုယ်ကတော့ ဘယ်အချိန်သွားသွား၊ ဒိပြင်လူတွေအရင်ပြပြီး၊ ပို့ဦးမဟာဆိုပြီး သကာလ၊ ပဥ္စဝဂ္ဂီငါးဦး အရင်ဟောလိုက်တယ်။

(၁၈) ကုဋေ ဖြဟ္မာတွေအရင် ပို့ချလိုက်တယ်၊ အိုနာသေ လွတ်တဲ့လမ်းအရင်ပို့လိုက်တယ်၊ ရိပ်မိကြပလား. . . (ရိပ်မိ ပါပြီဘုရား)။

အဲ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည် ကားဆိုရင်ဖြင့် သူကိုယ်တိုင်တောင်မှ၊ မြင်ပါရက်သားနဲ့ မသွားသေးဘူးကွာ၊ သူတို့အရင်လွတ်ဖြစ်အောင် လွှတ်လိုက် ဦးမယ်ကွ။

## ဓမ္မစကြာတရားဦး

ဒီလောက်တောင် အိုနာသေကြီးနဲ့ ဘဝများစွာ ဆင်းရဲပြီး၊ ပင်ပန်းနေတဲ့ အလုပ်ကို အရင်က လမ်းမသိလို့မပြရဘူး၊ ယခု လမ်းသိတဲ့နေ့စပြီး သကာလ၊ တစ်ခါတည်း လမ်းပြပါတော့မယ် ဆိုပြီး သကာလ၊ ကိုယ်တိုင် ဓမ္မစကြာတရားဦး ဟောတော်မူပြီး သကာလ၊ ဟိုမှာဟော့၊ ဟော ဒီမဂ္ဂင်လမ်းကသွား၊ ရှေ့မှာဟော့ မအိုမသေ အမြဲနေတဲ့နေရာ မြို့သစ်၊ သွားကြပေတော့ဆိုပြီး ပဉ္စဝဂ္ဂီငါးဦးထဲက ကောဏ္ဍညကိုတော့ အရင်ပြပြီး (၁၈) ကုဋေတော့ သူကအကုန်ပို့လိုက်တယ်. . . (တင်ပါ့)၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

ကိုင်း - ဒကာ ဒကာမတို့ ကိုယ်တော်မြတ်ကြီးဟာ ဘယ်လောက်ထိအောင် လမ်းတွေရှာရတယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## အခမွဲရလို့လမ်းပြနိုင်တာ

အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဘုန်းကြီးများကလည်း အခမွဲရလို့ ဒီလမ်းများပြနိုင်တယ်၊ သူတို့ရှာခဲ့ရတာ၊ ကိုယ်က ဒီလမ်းမျိုးလိုက်သွားရုံကလေး၊ ခင်ဗျားတို့က ချေးထူနေလို့ခက်တယ်. . . (တင်ပဘုရား၊ ဒီလမ်းအတိုင်း သွားမှာပါဘုရား)။

ခင်ဗျားတို့ ဒကာ ဒကာမတွေက အတော်ရှည်တယ်၊ ဟိုလမ်းရှာရတဲ့လူမှာ ဒီပက်ရာလက်ထက်က ရှာခဲ့ရတာ၊ အသားတွေလှူ၊ အသွေးတွေလှူ၊ ဒီလမ်းကလေးရပါမယ်၊ ဒီမြင်ရပါမယ် အကြောင်းရှာလိုက်ရတာ၊ ကိုစောမောင် နည်းသလား . . . (မနည်းပါဘူးဘုရား)။

## ဟောဟိုကနိဗ္ဗာန်ကို၊ ဟောဒီမဂ္ဂင်လမ်းကသွားပါ

အဲဒါ သူကလမ်းပြပြီးသကာလ၊ တရားတွေဟောပြီး ဓမ္မစကြာတွေဟော၊ သစ္စာလေးပါးတွေဟောပြီး သကာလ၊ ဟော ဟိုဟာ နိဗ္ဗာန်ပဲ. . . ဟော ဒီမဂ္ဂင်လမ်းကသွားပါတော့ . . . (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုယ်တိုင်ပြပြီး ကိုယ်တိုင်လုပ်ပြီးညွှန်ရတာ. . . (ညွှန်ပါတယ်ဘုရား)။ (၁၈) ကုဋေ ဗြဟ္မာတွေ ရောက်မသွားဘူးလား. . . (ရောက်သွားပါပြီဘုရား)။

အဲဒီကဲ့သို့ ရောက်သွားတော့၊ ကိုယ်တော်မြတ်ကြီးက မသွားသေးဘူး၊ ငါသွားလို့ရှိရင်ဖြင့် ငါသာတစ်ယောက်တည်း ရောက်ပြီး သကာလ ဒီပြင့်လူတွေ လမ်းသိမှာမဟုတ်ဘူး။ သူတို့ အရင်ပို့မှ. . . (တင်ပါဘုရား)၊ ဆိုပြီး သကာလ တရားလည် ဟောတယ်ဆိုတာ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ကိုင်း-ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကိုယ်တော် မြတ်ကြီးရှာကြံခဲ့ရတဲ့လမ်းသည် ကားလို့ဆိုရင် ဒကာ ဒကာမတို့ ဘယ်လောက်ရှာခဲ့ရတယ်ဆိုတာ သိပြီလား. . . (သိပါပြီ ဘုရား)။

အိုနာသေ မဂ္ဂင်လမ်းရှာခဲ့ရတယ်၊ မဂ္ဂင်လမ်းကြီးပေါ့ဗျာ . . . (မှန်ပါ့)၊ မဂ္ဂင်လမ်းကြီးကလျှောက်မှ၊ မအိုမသေ အမြဲနေ တဲ့-နိဗ္ဗာန်ကြီးဆိုတဲ့ မြို့တော်ကြီး ရောက်မှာကိုဗျ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ၊ သူဒီလောက်ရှာရတဲ့ လမ်းကို၊ ကိုယ်တော်မြတ်ကြီးက၊ တရားတွေဟောလိုက်ပြီး၊ ဟော - တရားအတိုင်ပဲ ဒီလမ်းကသွားစမ်းဟေ့။

## ဟောဒီလမ်းကနိဗ္ဗာန်သွားဟေ့

ဟော ဒီဝေဒနာတွေကြည့်ပြီး ဟော ဒီမဂ္ဂင်ပေါ်ပြီး သကာလ ဟော့ဒီလမ်းက၊ နိဗ္ဗာန်သွားဟေ့၊ မအိုမသေ

အမြဲနေတဲ့ နိဗ္ဗာန်၊ မင်းတို့ပင်ပန်းစရာ မရှိပါဘူး၊ ဟောဒီ လမ်းကသွားဟေ့။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် (၄၅) ဝါ မောင်းနှင်ထုတ်တယ်၊ သွားကြ၊ သွားကြ၊ သွားကြ၊ သူသာ တစ်ယောက်တည်း သွားတော့မယ်ဆိုရင်၊ ဒီလူတွေကို လမ်းပြ ခေါ်နိုင်တဲ့လူ၊ တစ်ယောက်မှမရှိဘူး ချွေးသာပြန်မယ်၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)။

## ကျားပိန်တွယ်၊ တွယ်လို့တော်ပ့ါမလား

အဲဒီလောက်ငဲ့ကွက်ပြီးထားတဲ့လမ်း၊ ဒကာ ဒကာမတွေ က ပေတေတေ၊ ကပ်တတ်တတ်လုပ်ပြီး သကာလ၊ ကျားပိန် တွယ်တွယ် နေရင်တော်ပ့ါမလား. . . (မတော်ပါဘူးဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ကဲ - ကိုထွန်းအောင်ရေ - ကျေနပ်ပလား . . . (ကျေနပ် ပါတယ်ဘုရား)။ ဘယ်လောက်ထိအောင် ကရုဏာပေါ် လာတယ်ဆိုတာကော . . . (ပေါ်လာပါပြီဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲ. . . ဒါကြောင့် ဒကာ ဒကာမတို့ ကိုယ်တော် မြတ်ကြီးသည် ကားလို့ဆိုရင်၊ သူတို့ကိုယ်တိုင် မသွားသေးဘူးနော်၊ လမ်းလည်းမြင်တယ်၊ မြို့လည်းမြင်တယ်။

သို့သော် သူသွားလိုက်လို့ရှိရင်ဖြင့် နောက်လမ်းပြပျောက်မှာသိပ်စိုးရိမ်တယ်၊ သဘောကျပလား (ကျပါပြီ)။

## နောက်ဆုံးပိတ်မှ သူဝင်တယ်

အဲဒါကြောင့် လမ်းပြမပျောက်အောင်လို့ (၄၅) ဝါကာလပတ်လုံး တစ်ခါတည်း၊ သွင်းတာ မပြည့်ပြည့်အောင်ကို သွင်းခဲ့တယ်. . . (မှန်လှပါဘုရား)။

သွားကြပေတော့၊ သွားကြပေတော့ဆိုပြီး (၄၅) ဝါ တရားတွေဟောပြီးပို့တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ) နောက်ဆုံးပိတ်မှ သူဝင်တာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဘယ်လောက်များ ကရုဏာအားကြီးသလဲ. . . (အားကြီးပါတယ်ဘုရား)။

ဒါဖြင့် အခုတရားနာတဲ့ ဒကာ ဒကာမတွေနဲ့ တရားဟောတဲ့ ဘုန်းကြီးတွေအတွက်ကတော့ဖြင့် ဘယ်လိုများစဉ်းစားရမှာတုံး၊ ဒီလမ်းပေါက်ကို နောက်ဆုံးပိတ်သူ၊ ကိုယ်တော်မြတ်ကြီး ဝင်သွားပြီ. . . (တင်ပါ့)။

## မျက်ရည်ကျစရာမလိုပါဘူး

ကျန်ပုဂ္ဂိုလ်တွေ ဒီလမ်းလိုက်ဖို့ အရေးတော့ဖြင့် ဝေးတော့တာပဲလို့ဆိုပြီး မျက်ရည်ကျစရာမလိုဘူး (တင်ပါ့)၊

မလိုပါဘူး၊ မျက်ရည်ကျစရာမလိုပါဘူး ဒကာ၊ ဒကာမတွေရ . . . (မှန်ပါ့ ဘုရား)။

ယောဝေါအာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော၊ သော ဝေါ မ မစ္စယေန သတ္ထာတိ။

## ညီတော်အာနန္ဒာ မငိုနဲ့ဟေ့

ညီတော်အာနန္ဒာမငိုနဲ့ဟေ့၊ ငါလမ်းပြကြီးသည်ကားလို့ ဆိုလို့ရှိရင်၊ ငါကိုယ်တိုင်ရွှေပြည် နိဗ္ဗာန်ဝင်စံတော့မယ်ဆိုပြီးသွားတယ်၊ သို့သော်လည်း ငါ-လမ်းတွေအကုန်ထားခဲ့တယ်။

ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တည်းဟူသော ဓမ္မက္ခန္ဓာနဲ့ မဂ္ဂင်လမ်းကို နည်းနည်းနောနောထားခဲ့တာ မဟုတ်ဘူး၊ အဲဒီလမ်းအတိုင်းမင်းတို့က၊ နောက်ယောင်ခံပြီး သကာလ ဒီလမ်းက မဂ္ဂင်အကျင့်ကျင့်ပြီးလိုက်ခဲ့ကြ . . . (တင်ပါ့ ဘုရား)၊ ဆိုပြီး သာသနာတော်ငါးထောင် . . . (တင်ပါ့ဘုရား)။

## ဒီလမ်းကလိုက်ရင်ရတယ်

ငါးထောင်အတွင်း လိုက်နိုင်သေးသကွာဆိုတော့ ကျုပ်တို့အတွက်တွေကလည်း လမ်းတွေကို အမျိုးမျိုးပြထားတယ်၊ မဂ္ဂင်လမ်းတွေဗျ. . . (တင်ပါ့)၊ ဒီလမ်းကလိုက်လည်း ရသဟ၊ ဒီလမ်းကလိုက်လည်းရသဟ၊ အနိစ္စလမ်းကလိုက်လည်း

ရသဟ၊ ဒုက္ခလမ်းကလိုက်လည်းရသဟ၊ သစ္စာလမ်းက လိုက်လည်း. . . (ရပါတယ်ဘုရား)။

အဲဒီကဲ့သို့လမ်းတွေ အလျှို၊ အလျှို၊ အဖွာအဖွာနဲ့ ကိုယ်တော်မြတ်ကြီးသည် လက်စသတ်သွားတာလား၊ လမ်းဖွင့် ထားခဲ့သေးသလား. . . (လမ်းဖွင့်ထားခဲ့ပါတယ်ဘုရား)။

အဲဒီဖွင့်ထားတဲ့လမ်းကတော့ ကျုပ်တို့က အဲဒီအခါမှာ လူလည်းမဖြစ်၊ ဘာလည်းမဖြစ်၊ ဘယ်ချောင်ထိုးလို့ ဘယ်လိုနေ ကြတယ်ဆိုတာ မသိရဘူးဟုတ်လား. . . (မှန်လှပါဘုရား)။

အခုမှသာသနာတွင်း ကြုံပြီးသကာလ၊ ကိုယ်တော်မြတ် ကြီး ပရိနိဗ္ဗာန်စံပြီး နှစ်ထောင့်ငါးရာ ပြည့်ခါနီးမှ၊ ကျုပ်တို့မှာ လူလားမြောက်ပြီးသကာလ နေပြန်တယ်. . . (မှန်ပါ့)။

နေပြန်တော့လည်း၊ လူလားသာမြောက်ခဲ့တယ်၊ သား ရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ခုနက လမ်းပြရှာလွတ်ရေး၊ တွေးကို မတွေးနိုင်ဘူးတဲ့ . . . (မှန်လှပါဘုရား)။

## ဆရာကောင်းကြုံလို့တော်သေးရဲ့

ခုမှတစ်ခါ ဆရာကောင်း၊ သမားကောင်းနဲ့ ကြုံပြီးသကာ လ တွေ့ပြန်လည်း အကြောင်းညီညွတ်လို့ ခင်ဗျားတို့ကလည်း၊ မှိုခိုတတ်လာတာနဲ့၊ ဟာ. . . တော်သေးရဲ့တော်သေးရဲ့၊ တော် သေးရဲ့. . . (တင်ပါ့)။

ခင်ဗျားတို့ လမ်းစရှာတဲ့အထဲ၊ ခင်ဗျားတို့ပါလာသေးတယ်၊ လမ်းကလည်းမပိတ်သေးဘူး၊ တော်သေးတယ် . . . (မှန်ပါ့)၊ အခုဝင်လာလည်းတော်သေးတယ်။

သား သမီးရေး၊ စီးပွားရေးနဲ့ အိမ်ကြို၊ အိမ်ကြားမှာ ပျော်ချင်သလိုပျော်၊ ရှုချင်သလိုရှုနေမယ်ဆိုရင်တော့ အိုပွဲ၊ နာပွဲ၊ သေပွဲတွေဟာ ခင်ဗျားတို့ပဲ နှုတ်ဆက်ခံရင်းသေတော့ . . . (မှန်ပါ့)၊ ဒါမရောက်ဘူးလား၊ ရောက်ပါတယ်ဘုရား။

## လမ်းမပိတ်ခင်ရောက်လာကြတယ်

အခုတော့တော်သေးတယ်၊ လမ်းမပိတ်ခင်ရောက်လာကြတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ကဲ ဒကာစိန် . . . ကိုယ့်အတွက်လေး စဉ်းစားလိုက်တော့၊ လမ်းမပိတ်ခင်ရောက်လာသေးတယ် . . . (မှန်ပါ့)၊ တော်သေးတယ်ဗျ၊ တော်သေးတယ်၊ တော်သေးတယ်ကိုထွန်းအောင်ရ . . . (အလွန်ဝမ်းမြောက်စရာကောင်းပါတယ်ဘုရား)။

အလွန်ဝမ်းမြောက်စရာကောင်းပါတယ်၊ အားလုံး ဒကာဒကာမတွေအတွက် ကိုယ့်အတွက်ပါ စဉ်းစားလိုက်တဲ့အခါကျတော့၊ အင်း . . . ကံကြွင်းလေးရှိသေးသဟနော် . . . (ရှိပါတယ်ဘုရား)၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

## အိုနာသေပွဲလွတ်သေးတယ်

အဲဒါကြောင့် အခု ဆရာဘုန်းကြီးနဲ့ တွေ့လာတော့ ဒကာဒကာမတွေဟာ တော်သေးတယ်၊ လမ်းမပိတ်ခင် ဒီကလမ်း ပြလိုက်တဲ့ ကိုယ်စားလှယ်လမ်းပြနဲ့တွေ့နေသေးလို့ အင်းဒီ ဒကာ ဒကာမတွေ တော်သေးတယ်၊ နောက်အိုပွဲနာပွဲသေပွဲနဲ့ လွတ် သေးသဟာနော်. . . (ဟုတ်ပါတယ်ဘုရား)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

နိဗ္ဗာန်လို့ရှိရင် ဒီလမ်းပြမှ မတွေ့တော့ဘူးဆိုရင်ဖြင့်၊ ခုနက မြင့်မိုရ်တောင်ကြီး၊ အနီးအနားမှာရှိတဲ့ ကျောက်တောင်ကြီးကို အဝတ်နဲ့ပွတ်တာ၊ မကုန်သလိုပေ့ါ၊ မကုန်တဲ့မျက်ရည်တွေနဲ့ မကုန်တဲ့ငိုပွဲတွေ၊ ရဦးမှာပေ့ါ. . . (မှန်လှပါဘုရား)၊ မလာပေ ဘူးလား. . . (လာမှာပါဘုရား)။

သေပွဲတွေကောဗျာ. . . (လာမှာပါဘုရား)၊ အဲဒါလာမှာ တွေကို ကေန်သိ၊ တကယ်သိဆိုရင်တော့၊ နောက်ပွဲမန္ဓဲတော့ ဘူးပေ့၊ တို့ဆရာဘုန်းကြီး ပြတဲ့လမ်းသည်ကားလို့ဆိုရင် ဘုရားဖွင့်ထားတဲ့လမ်းဖြစ်သောကြောင့် ညီတော်အာနန္ဒာငိုရင်းနဲ့ ငါလမ်းတွေထားခဲ့တယ် ဆိုတဲ့အတိုင်း ဒီလမ်းတွေကိုလည်း ဆရာဘုန်းကြီးကတစ်ဆင့် ပြပြီးဟောဒီကသွား၊ ဟောဒီကသွား ခင်ဗျားတို့ အိုပွဲ၊ နာပွဲ၊ သေပွဲတွေ ဇာတ်သိမ်းလိုက်ပါ။ ချမ်းသာ

ပွဲကြီးက နိဗ္ဗာန်မှာမှ ရှိတယ်. . . (တင်ပ့ါ)၊ ဟောဒီ မဂ္ဂင်လမ်းက သွားလိုက်စမ်းပါဦး . . . (မှန်ပ့ါ)။

## တို့ကံကောင်းသေးတယ်

လမ်းမပိတ်ခင် ပြောရလို့ ခင်ဗျားတို့ကံကောင်းသေးတယ် မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

တော်သေးတယ်၊ တော်သေးတယ်၊ ကိုယ့်အတွက်ဝမ်းသာကြဦး. . . (ဝမ်းသာပါတယ်ဘုရား)၊ ဝမ်းသာစရာအလွန်ကောင်းတယ်နော်. . . (ကောင်းပါတယ်ဘုရား)၊ ဒေါ်သောင်းရေ အဖိုးတန်အောင်ပေးတော့မှ အဖိုးတန်လာတယ်. . . (မှန်ပ့ါ)။

သာမည သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ကိုယ့်ဟာလေးနဲ့ကိုယ် တင်းတိမ်နေကြမယ်ဆိုလို့ရှိရင်လည်း၊ အိုပွဲ၊ နာပွဲ၊ သေပွဲတွေဟာ ကိုယ့်ဟာချည့်ပဲ. . . (မှန်ပ့ါ)၊ မသိပဲကိုးဗျ၊ မသိပဲကို. . .

## နောက်ဒီဇာတ်မခင်းရတော့ဘူး

အခုတော့လေ့လာတာ၊ အင်း . . . ဒီတစ်ခါ အိုပွဲ၊ နာပွဲ၊ သေပွဲ ပြီးရင်ကိစ္စပြီးပဟ၊ နောက်ဒီဇာတ်မခင်းရတော့ဘူးဟ၊ ဘာပြု လို့လဲဆိုတော့၊ မဂ္ဂင်လမ်းမတော်ပေါ် လျှောက်နေတော့၊ ရောက်ပေတော့ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ ဒီဇာတ်မခင်းရတော့

ဘူး၊ (ဒီအတိုင်းအားခဲထားပါတယ်ဘုရား)၊ ဒီအတိုင်းကျင့်ရမှာပဲ ဒကာစိန်ရေ၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့၊ ကိုယ်တော်မြတ်ကြီး ရှာခဲ့တဲ့လမ်းပဲ တော်တော်ခုတ်ထွင်ပြီး ရှာခဲ့ရတယ်. . . (မှန်လှပါဘုရား)။ ခင်ဗျားတို့က သူများထွင်ထားတဲ့လမ်းမကြီးကို ပေါ့ပေါ့နဲ့အသာတကြည်ယူလို့၊ ဝိပဿနာလေးရှုလိုက်ပြီးမ နေချင်သေးဘူးလား။

## မအားလို့ဆိုရင်တော့

မအားလို့ပဲ၊ မလပ်လို့ပဲ၊ ဟုတ်လား၊ မအားလို့ပဲ၊ မလပ်လို့ပဲလို့ ဆင်ခြေများလဲလိုက်မယ်ဆိုရင် အိုပွဲ၊ နာပွဲ မကြိုက်လို့ပဲ ပေါ့၊ ဒီအဓိပ္ပါယ်ပဲမရောက်ဘူးလား . . . (ရောက်ပါတယ် ဘုရား)။

## ဘုန်းကြီးကပင်ပန်းခံပြီးပြနေတာ

အဲဒီလောက် ခင်ဗျားတို့မှာ ဆိုးရွားဖို့ အရေးတွေမြင်လို့ ဆရာဘုန်းကြီးကလည်း ပင်ပန်းခံပြီးတော့ နေ့တိုင်း၊ နေ့တိုင်း ဒီလမ်းမတော်ကြီးကို ပြပေးနေတာ။

မပိတ်သေးပါဘူး သွားကြစမ်းပါဦး၊ နိဗ္ဗာန်မဂ်ဖိုလ်ဖြင့် မပိတ်သေးပါဘူး၊ ဒီလမ်းကြီးပွင့်နေပါသေးတယ်။

မဂ္ဂါနံ့ အဋ္ဌင်္ဂိကော ကျွေဋ္ဌော။

မဂ္ဂင်လမ်းမတော်မှတစ်ပါး ဘယ်ဟာမှ နိဗ္ဗာန်ဝင်တဲ့လမ်း မရှိဘူးတဲ့ ဒကာဒကာမတို့ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဒီ လမ်းကြီးပြတာကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## လမ်းတော့မြင်ပါပြီ

အဲ. . . ခင်ဗျားတို့လမ်းမသွားတတ်သေးပါဘူး၊ သင်ရဦး မှာပါ. . . (တင်ပါ့)၊ လမ်းတော့မြင်ပါပြီ၊ ဘယ်လိုလှမ်းရမှာတုံး၊ ဆိုတဲ့အရေးသင်ပေးဦးမှာပါ။

ခင်ဗျားတို့က ခြေတုန်၊ လက်တုန်ဖြစ်နေတယ်၊ ဟုတ်ပ လား၊ ခင်ဗျားတို့က (၄၀) ကျော်၊ (၅၀) တွေ၊ (၆၀) တွေ (၇၀) တွေ ဒကာစိန်တို့က. . . (မှန်လှပါဘုရား)။ လမ်းမသွားတတ် သေးဘူး။

ခင်ဗျားတို့က လမ်းမသွားတတ်သေးဘူး၊ လမ်းတွေ့ငြား သော်လည်း၊ ခင်ဗျားတို့က လမ်းမသွားတတ်သေးဘူး၊ သင်ပေးရ ဦးမယ်။

ကဲ. . . ဒကာထွန်းအောင်ရ. . . သင်မပေးရင် ဘယ့် နှယ့်လဲ၊ (မရပါဘုရား)၊ သင်ပေးရမယ် ခင်ဗျားတို့က ဆန်ကုန် မြေလေး၊ ကြီးနေတယ်. . . (မှန်ပါ့)။

မအိုမသေအမြဲနေတာ သွားတတ်ကဲ့လားမေးတော့ (မသွားတတ်သေးပါဘူးဘုရား)၊ မသွားတတ်သေးရင် သင်ပေးရဦးမယ်. . . (သင်ရမှာပါဘုရား)။

## လမ်းသွားတတ်ဖို့သင်ပေးမယ်

အေး. . ဒါကြောင့် လူကြီးတာလိုရင်းမဟုတ်ဘူး ဒကာစိန်ရေ. . . (မှန်ပါ့)၊ လမ်းသွားတတ်ဖို့အရေးကကြီးတယ်. . . (ဟုတ်ပါတယ်ဘုရား)၊ အဲဒါ ဒကာဒကာမတို့လမ်းသွားတတ်တဲ့ အရေး ယခုဟောပါတော့မယ်. . . (မှန်လှပါဘုရား)။

လမ်းသွားတတ်တဲ့အရေးတို့၊ မဂ္ဂင်လမ်းပေါ်လျှောက်နည်းတွေကို ပြောပါတော့မယ်။

## ဇာတိရှိလို့အိုနာသေလာတာ

ကိုင်းဒါနဲ့ ဘုရားဟောင်းဘဝကကြည့်တော့ -

**ကိသ္မိံ သတိ ဇရာမရဏံ။**

အော်. . . အိုနာသေမွဲကွဲဆိုတာ ဘယ်ကလာပါလိမ့်မတုံး (တင်ပါ့)၊ ဒါဘယ်ကလာပါလိမ့်မတုံးဆိုတော့ ဇာတိ. . . (တင်ပါ့)၊ အင်း. . . ဇာတိ၊ ပဋိသန္ဓေနေမှုရှိလို့ အိုနာသေလာတာကိုး. . . (တင်ပါ့)။

## ဘဝရှိလို့ဇာတိလာတာ

ဘုရားကလိုက်တယ်၊ ဇာတိဘယ်ကလာပါလိမ့်ဆိုတော့ ဘဝကလာတာ၊ ဘဝပစ္စယာဇာတိကိုဗျ၊ သဘောကျကြပလား . . . (ကျပါပြီဘုရား)။

ဘဝဘယ်ကလာတုံးလို့နောက်ဆုတ်တွေးလိုက် ပြန်တော့ ဥပါဒါန်ကလာတယ်၊ ဥပါဒါန်၊ ဘယ်ကလာသတုံးဆိုတော့ တဏှာကလာတယ်၊ တဏှာဘယ်ကလာသတုံးဆိုတော့ . . . (ဝေဒနာကပါဘုရား)၊ ဝေဒနာကလာတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုင်း . . . တစ်ခါဝေဒနာဘယ်ကလာသတုံးဆိုတော့၊ ဖဿ ကလာပါတယ်၊ ဖဿဘယ်ကလာသတုံးဆိုတော့ သဠာယတန ကလာပါတယ်၊ သဠာယတနပစ္စယာဖဿောကိုဗျ။

ဒီသဠာယတန ဘယ်ကလာသတုံးလို့ မေးတဲ့အခါကျတော့နာမရူပ ပစ္စယာ သဠာယတန၊ သဘောကျပလား. . . (ကျပါပြီဘုရား)။ နာမ်ရုပ်ကလာတာ၊ သဘောကျပလား၊ နာမ်ရုပ် ဘယ်ကလာပါလိမ့်မတုံးလို့ စဉ်းစားတော့ ဝိညာဏပစ္စယာ နာမရူပံ. . . (တင်ပ့ါ)။

ဩော် . . . ဒါဖြင့် ဝိညာဏ်နာမ်ရုပ်ရှိလို့ အိုနာသေလာတာကိုး. . . (တင်ပ့ါ)၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ရှေ့ဆက်လက်

တွေးတော့ ဝိညာဏ်၊ သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ဒီရုပ်တွေရှိလို့ အိုနာသေလာတာကိုး (တင်ပါ့)။

## နာမ်ရုပ်ရှိလို့အိုသေလာတာ

ဘုရားကတစ်ခါတည်း၊ ဇရာမရဏတည်းဟူသော တရားကိုနောက်ဆုတ်တွေးတာကိုး (တင်ပါ့)၊ နာမ်ရုပ်ရှိလို့ အိုသေလာတာဟော့ (တင်ပါ့)၊ သိပြီ၊ သိပြီ၊ ဒကာ ဒကာမတို့။

နာမ်ရုပ်ရှိလို့ အိုသေလာတာတဲ့ ဒကာဒကာမတို့ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဩော်. . . အိုသေဘယ်ကလာ. . . (နာမ်ရုပ်ရှိလို့ပါဘုရား)၊ နာမ်ရုပ်မရှိတော့ အိုသေလာနိုင်ပါ့မလား. . . (မလာနိုင်ပါဘုရား)၊ အဲဒီတော့ အဲဒီနာမ်ရုပ်ဘယ်ကလာသတုံး. . . ဝိညာဏပစ္စယာ၊ နာမရူပံ. . . (မှန်ပါ့ဘုရား)။

## ပေါင်းလိုက်တော့နာမ်ရုပ်ပဲ

ဝိညာဏ်ကြောင့် နာမ်ရုပ်၊ ရတာလည်း နာမ်ရုပ်ကြောင့် ဝိညာဏ်အတူတူပဲ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဝိညာဏ်ကြောင့်ဘာဖြစ်သလဲ . . . (နာမ်ရုပ်ဖြစ်ပါတယ်ဘုရား)၊ နာမ်ရုပ်ကြောင့် ဘာဖြစ်သလဲ. . . (ဝိညာဏ်ဖြစ်ပါတယ်ဘုရား)၊ အင်းပေါင်းလိုက်တော့ နာမ်ရုပ်ပဲ. . . သဘောကျပလား. . . (ကျပါပြီ)။

အဲဒီကဲ့သို့ နာမ်ရုပ်ရှိလို့ အိုသေလာတာဆိုတာ ဘုရားက ဖွတ်ကိုဖမ်းတဲ့ အခါကျလို့ရှိရင်ထွက်ပြေးတဲ့ဆီသူက လိုက်လိမ့်မယ်၊ ပြီးတော့မှ သူတို့က တောင်ဘို့ထဲဝင်သွားတဲ့အခါကျတော့ ဖွတ်ရှာတာ တောင်ဘို့ဆုံးရင်တွေ့တာပေါ့ဗျာ. . . (တင်ပ့ါ)။

ဒီမှာလည်း ဇရာမရဏတည်းဟူသော ဖွတ်ကောင်ကို လိုက်တဲ့အခါကျတော့ နာမ်ရုပ်သွားတွေ့တယ်၊ သူက ဒီဖွတ်ဒီက လာတာပဲဆိုတာ သေချာသွားတွေ့တယ်။

## အို၊ နာ၊ သေ ရုပ်နာမ်ကလာတာ

ဒီအိုနာဘယ်ကလာတာလဲ၊ နာမ်ရုပ်ကလာတာပဲ (တင်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘယ်ကလာတာလဲ. . . (နာမ်ရုပ်ကလာတာပါဘုရား)၊ ဟာ ဒါဖြင့် ဒီနာမ်ရုပ်ရှိလို့ အိုနာသေ၊ မွဲကွဲတာ (မှန်ပ့ါဘုရား)။

ဒီနာမ်ရုပ်မရှိရင် အိုနာသေမွဲကွဲလာနိုင်ပါမလား (မလာနိုင်ပါဘုရား) ဒါဖြင့် ဒီနာမ်ရုပ်ကို ဇာတ်သိမ်းငြိမ်းလိုက်ရလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ ဘယ်မှာသာလျှင် ခုနက အိုနာသေမွဲကွဲကြီးတွေ အတွဲလိုက်၊ အပြုံလိုက်ပြုတ်ရတော့မယ်၊ မပြုတ်ပေဘူးလား . . . (ပြုတ်မှာပါဘုရား)။

အဲဒါကြောင့် နာမ်ရုပ်ဝိပဿနာ ရှုရလိမ့်မယ်ဆိုတာဖြင့် သဘောကျရုံပဲ. . . (ကျပါတယ်ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## နာမ်ရုပ်ကိုဝိပဿနာရှုကြပါစို့

ကိုင်း. . . ဒကာဒကာမတို့ ဒီနာမ်ရုပ်ကိုပင်လျှင် ဝိပဿနာ ရှုကြပါစို့နော်၊ ဝိပဿနာရှုကြပါစို့လို့ဆိုတော့ ဒကာဒကာမတို့ ခင်ဗျားတို့မှာ ရှိတာတင်ပြရုံပဲ၊ (တင်ပါ့)။

ခင်ဗျားတို့မှာ စားချင်တာလေးက နာမ်လို့ ဘုန်းကြီးက ပြောတယ်၊ စားတာလေးက . . . (ရုပ်ပါဘုရား)၊ (စားချင်တာက နာမ်ပါဘုရား)၊ အေး. . . စားချင်တာကနာမ်၊ စားတာကရုပ်၊ ဝတ်ချင်တာကနာမ်၊ ဝတ်တာကရုပ်၊ (တင်ပါ့)၊ အင်း နာမ်ရုပ်ရှိလို့ အိုတာကိုး မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## နာမ်ဆိုတာလည်းဝေဒနာပဲ

ကိုင်း. . . ဒကာဒကာမတို့၊ ခင်ဗျားတို့ စားချင်တာကလေးကလည်း သုခဝေဒနာ၊ နာမ်ဆိုတာလည်း၊ ဝေဒနာပါပဲ၊ မထူးပါဘူး၊ စားချင်တာကလေးဟာ စားချင်စိတ်ကလေးပေါ်လာတယ်ဆိုတာ·စားမှာပဲ၊ တဏှာရာဂ စားမှာပဲ။

စားချင်စိတ်က လေးပေါ်လာတယ်ဆိုတာ သုခဝေဒနာပေါ်တာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ အဲဒီသုခဝေဒနာကလေးဟာ စားချင်စိတ်ကလေးပဲ၊ (တင်ပါ့)၊ အဲဒီစားချင်စိတ်ကလေးပေါ်တော့ စားချင်တဲ့ရုပ်ကလေးဟာ တစ်ခါတည်းမျက်စိမျက်နှာကလေးက ကြည်လင်လို့။

ဒီနေ့ဖြင့် ထမင်းကို ဆာလာလိုက်တာဆိုပြီး ပြုံး ပြောတယ်၊ မပြောဘူးလား. . . (ပြောပါတယ်)၊ အဲ စားချင်တဲ့သု ခဝေဒနာပေါ် လို့ရှိရင်၊ သုခစိတ်ကလေးတွေ တစ်ခါတည်းပေါ် လာတယ်။

## ဒီနာမ်ရုပ်ကလာတာပဲ

အင်း စားချင်တဲ့စိတ် သုခဝေဒနာကနာမ်၊ ပြုံးပြုံးရွှင်ရွှင် ပေါ်လာတာကရုပ်၊ ဒီနာမ်ရုပ်ကလာတာပဲဆိုတာကော ရိပ်မိပ လား. . . (ရိပ်မိပါပြီ)၊ အဲ. . နာမ်ရုပ်ကလာတာပဲ။

အဲဒီတော့ ဒကာဒကာမတို့ စားချင်တာ၊ စားချင်တဲ့ သုခဝေဒနာကနာမ်၊ ပြုံးပြုံးရွှင်ရွှင်ကလေးက (ရုပ်ပါဘုရား)၊ အင်း အဲဒီနာမ်ရုပ်စွဲတယ်ဆိုတော့ ဒကာဒကာမတွေနေရာကျပြီ မစား ချင်တာကလေးကို စားနေလျှက်နဲ့ပဲ မစားချင်တာက ဒုက္ခဝေဒနာ မျက်နှာကို တစ်ခါတည်းပြောင်းသွားတယ်၊ မျက်စိမျက်နှာမှာ ပျက်လာတယ်။

မစားချင်စိတ်ပေါ်လာပြီ၊ ဒါဖြင့် မစားချင်တာက ဒုက္ခ ဝေဒနာ၊ မျက်နှာပျက်တာက ဒုက္ခဝေဒနာကြောင့်ဖြစ်တာ. . . (မှန်ပါ့)၊ မစားချင်တာက ဒုက္ခဝေဒနာဆိုတဲ့နာမ်၊ မစားချင် တဲ့အမူအရာတွေက. . . (ရုပ်ပါဘုရား)။

အဲဒီနာမ်ရုပ်တွေက လာတာကို၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ပြောချင်တာက သုခဝေဒနာ၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောလာတဲ့ရုပ်က (ရုပ်ပါဘုရား)၊ ရုပ်ပဲဆိုတော့ ဪ. . ဒီနာမ်ရုပ်ကလာတာပဲဆိုတော့၊ ဒီနာမ်ရုပ်ရှိနေလို့ အိုနာသေ လိုက်တာဟ (မှန်လှပါဘုရား)။

ဒီနာမ်ရုပ်မရှိရင်တော့ အိုနာသေလိုက်စရာကြီး၊ ဘယ်လိုတွေးတွေး မရပါဘူး၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဝေဒနာရှုရင်ရုပ်ပါတွဲလာတယ်

ကိုင်း. . . ဒကာ ဒကာမတို့ ဒီနာမ်ရုပ်ကို ဝေဒနာအတိုင်း ရှုလိုက်လို့ရှိရင်ရုပ်ပါတွဲလာလိမ့်မယ်၊ ဝေဒနာရှုလိုက်လို့ရှိရင် ရုပ်ပါတွဲလာလိမ့်မယ်၊ အမှန်ဝေဒနာကိုဗျ။

အဲဒါကြောင့် ဒကာဒကာမတို့ မျက်လုံးမှာ ဘာဝေဒနာပေါ်သလဲ. . . (ဥပေက္ခာဝေဒနာပါဘုရား)၊ အဲ. . . နား၊ နှာခေါင်း၊ လျှာ. . . (ဥပေက္ခာဝေဒနာပါဘုရား)။

## ငါကြား၊ သူကြားမလာစေနဲ့

အင်း. . . မြင်တယ်ဆို ဥပေက္ခာဝေဒနာ၊ ကြားတယ်ဆို (ဥပေက္ခာဝေဒနာ)၊ ငါကြားသူကြားမလာစေနဲ့၊ (မှန်ပါဘုရား)၊ နံတယ်ဆို ဥပေက္ခာဝေဒနာ၊ စားတယ်ဆို . . . (ဥပေက္ခာဝေဒနာ) သူ့နေရာနဲ့သူသွားပြီးပေါ်တာပဲ။

မျက်လုံးကပေါ်၊ နားကပေါ်၊ နှာခေါင်းကပေါ်၊ လျှာပေါ် မှာပေါ်၊ အမလေးယားလိုက်တာဆိုရင် ကိုယ်ပေါ်မှာ ဒုက္ခ ဝေဒနာပေါ်ပြီ၊ အင်း နေလို့ကောင်းလိုက်တာဆိုတော့ ကိုယ် ပေါ်မှာ ဘာတုံး. . . . (သုခဝေဒနာပါဘုရား)။

## ဝေဒနာသုံးမျိုး

အင်း . . . စိတ်ထဲမှာ ချမ်းသာလိုက်တာဆိုတော့ ဝမ်းမြောက်တယ် (သုခဝေဒနာပါဘုရား)၊ စိတ်ထဲမျက်ရည်စီးပြီ ဆိုရင်ဖြင့် (ဒုက္ခဝေဒနာပါဘုရား)၊ အင်း. . . ဖြစ်သ၍အကြောင်း အကောင်းချည်းပဲဆိုတာ လာလိုက်တာရှိသေးတယ် . . . (ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒီဝေဒနာပေါ်တိုင်း အနီးကပ် လိုက်တာပဲ၊ မယုံအကဲ ခတ်ကြည့်ပါလား လိုက် မလိုက် မြင်စမ်းလို့မရဘူးဆိုတာ အတွင်းဒုက္ခဝေဒနာ ဝေဒနာလေးပေါ်မလာဘူးလား၊ အတွင်းက ရုပ် အပြင်ကနာမ်၊ အပြင်ဘက်မှာအမူအရာပြောင်းတာတွေက . . . (ရုပ်ပါဘုရား)။

## နာမ်ကိုဝိပဿနာရှုကြပါစို့

အေး. . . ဒါကြောင့် ဒီနာမ်ရုပ်ကြောင့် အိုနာသေလာ တာဆိုတာဘုရားက လက်သည်သိတယ်၊ ဒါမျိုးမလိုချင်တဲ့

ဉာဏ်ရအောင်ရှုလိုက်ရလို့ရှိရင်ဖြင့် ဒီဒကာဒကာမတွေသည် ကားလို့ဆိုရင် လိုရာခရီးလမ်းကို ဖြောင့်အောင်ရောက်တယ် ဆိုပြီးသကာလ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ ကဲ ဒါဖြင့် နာမ်ကိုဝိပဿနာရှုကြပါစို့ နာမ်ရှုလိုက်လို့ နာမ်ဖြစ်ရင်ရုပ် ကလည်း နောက်ကလိုက်ဖြစ်တာပဲ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ကိုင်း. . . ဒကာဒကာမတို့ အပြုံးသည် ပြုံးတယ်ဆို တော့ အပြုံးဟာ သုခဝေဒနာ၊ သဘောကျပလား. . . (ကျပါပြီ)။

## အပြုံးဘာဝေဒနာပေါ်ပါလိမ့်

ဒီသဘောကျတာလေး ခင်ဗျားတို့က ပြုံးလို့ရှိရင်ဖြင့် ပြင်ဘက်အမူအရာကြည့်လိုက်တော့ ပြုံးရုပ်ကလေးပေါ်လာ တယ်၊ အင်းအပြုံးဘာဝေဒနာပေါ်ပါလိမ့်. . . (သုခဝေဒနာပါ ဘုရား)။

ဘယ်အချက်ကြည့်ပြီး ခင်ဗျားတို့က သိပါလိမ့် (ပြုံးရုပ် ကလေးပေါ်လို့သိပါတယ်ဘုရား)၊ အဲပြုံးရုပ်ကလေးထပ်ကြည့် လိုက်တော့ သုခဝေဒနာအဖြစ်ရှိတာသိတယ်။

## မဲ့ရုပ်ဘာဝေဒနာပါလိမ့်

တစ်ခါတစ်လေကျတော့ ဒကာဒကာမတွေ မျက်နှာကြီး များ တင်းလို့ မဲ့ရုပ်ကြီးနဲ့နေတဲ့အခါ ဘာဝေဒနာပါလိမ့် (ဒုက္ခဝေဒ နာပါဘုရား)၊ အဲဒီတော့ စဉ်းစားလိုက်၊ စဉ်းစားလိုက်စမ်းပါ။

အကြောင်းအကျိုးစချုပ်တော့ ပြီးရုပ်ချုပ်တယ်၊ (တင်ပ့ါ)၊ အတွင်းမဲ့တဲ့ သဘောမကျတဲ့ စိတ်ကလေးချုပ်တော့ (ဒုက္ခချုပ်တယ်)၊ မဲ့တာ၊ ရွဲ့တာတွေချုပ်မသွားဘူးလား (ချုပ်ပါတယ်ဘုရား)၊ အဲဒါကြောင့်ဒုက္ခလည်း ချုပ်မသွားဘူးလား။

အဲဒါကြောင့် ဝေဒနာရှုလိုက်ရင် ကျန်တာတွေဟာ ချုပ်တယ်ဆိုတာ ဉာဏ်နဲ့ရှုစမ်းရင်၊ ဉာဏ်စိတ်မြင်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မြင်တာဥပေက္ခာဝေဒနာ

အဲ. . . ဒကာဒကာမတို့ ရှုကြစမ်းပါဆိုတာ မျက်လုံးမြင်တယ်ကဘာဝေဒနာပေါ်လဲ. . . (ဥပေက္ခာဝေဒနာပေါ်ပါတယ်)၊ အေးဒါလေးနဲနဲကြည့်ပြီးသကာလ ကြည့်ကိုကြည့်ပေးပါ၊ ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)။

အင်းမြင်တာကို မမြင်တော့တာပါ၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား)၊ မြင်တာက (၁)နံပါတ်၊ မြင်တာလေးရှာတာက (နှစ်နံပါတ်ပါဘုရား)၊ အဲဒါ (၁)နံပါတ်ကို (၂)နံပါတ်ကရှာလို့ ဘုန်းကြီးကဟောတယ်။

(၁)နံပါတ်က မျက်စိကမြင်မယ်၊ အဲဒီမြင်တာလေးကို ဒကာဒကာမတို့က ဩော်ဥပေက္ခာဝေဒနာပေါ်တယ်လို့ ရှုပေး၊ ရှုတော့ မရှိတော့ဘူး၊ မရှိတော့ဘူး. . . (တင်ပ့ါ)။

## ဖြစ်ပျက်ဒုက္ခသစ္စာလို့ရှု

ဘယ်လိုဖြစ်သွားလဲ၊ မြင်တုန်းကစိတ်၊ အခုပြန်ကြည့်တော့ စိတ်မရှိတော့ဘူး၊ အင်း. . . အဲဒါဖြစ်ပျက်ဒုက္ခသစ္စာလို့ရှု . . . (တင်ပါ့)။

ဖြစ်ပျက်ကလေးကိုရှု၊ ရှုပါများတော့ ဒုက္ခသစ္စာဖြစ်လိမ့်မယ်နော်၊ ငြီးငွေ့လာလိမ့်မယ်. . . (တင်ပါ့)၊ မြင်တာလေးက ဘာပါလိမ့်. . . . (ဥပေက္ခာဝေဒနာပါဘုရား)။

အေး . . . (၁)နံပါတ်က ဥပေက္ခာဝေဒနာလေးပေါ်နေတယ်၊ (၂)နံပါတ်နဲ့ ဒါလေးပြန်ကြည့်စမ်း. . . (မရှိပါဘူးဘုရား)၊ ဉာဏ်နဲ့ပြန်ကြည့်လိုက်တော့ တစ်ယောက်တည်းကိုးဗျ၊ တစ်ယောက်တည်းဆိုတော့ ဒကာဒကာမတို့ (၁)နံပါတ်ပြီး (၂)နံပါတ်သွားတော့မယ်၊ (၁)နံပါတ်သွားရင် ဒီဘက်နံပါတ် ရှိသေးရဲ့လား (မရှိတော့ပါဘုရား)၊ တစ်ယောက်တည်းမှာ နှစ်ဝေဒနာမပေါ်ကောင်းဘူး၊ (တင်ပါ့ဘုရား)။

နှစ်စိတ်မပေါ်ကောင်းဘူး၊ မျက်လုံးမှာ ဝေဒနာပေါ်ရင် ဝမ်းထဲမှာမပေါ်ရဘူး. . . (တင်ပါ့)၊ ခုတော့ မျက်လုံးမှာ (၁)နံပါတ်၊ ဥပေက္ခာဝေဒနာမြင်တယ်ဆိုရင် ဥပေက္ခာဝေဒနာပေါ်ပြီ။

## သတိထားလို့မရှိမှန်းသိတာ

အဲ. . . ဒကာဒကာမတွေအဲဒါလေး (၁)နံပါတ် ထားလိုက်၊ (၂)နံပါတ်ကို ဉာဏ်နဲ့ကြည့်စမ်း (မရှိတော့ပါဘုရား)၊ မရှိပါဘူး ဖြစ်ပျက်ပြီးတဲ့သဘောသာရှိတယ်။

အင်းဖြစ်ပျက်ဒုက္ခသစ္စာလေးက (တင်ပ့ါ)၊ မရှိမှန်းသိတာလေးက ဒကာဒကာမတို့ သတိထားလို့သိတာ၊ သတိမဂ္ဂင်၊ သမာဓိရှိလို့သိတာ၊ သမာဓိမဂ္ဂင်၊ ဝီရိယစိုက်နေလို့သိတာ ဝီရိယမဂ္ဂင်. . . (တင်ပ့ါဘုရား)။

မဂ္ဂင်ရှစ်ပါး တစ်ခါတည်းခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာအနေနဲ့ ပေါ်မလာဘူးလား (ပေါ်ပါတယ်ဘုရား)။

## ဖြစ်ပျက်ကဒုက္ခသစ္စာ

ဒါဖြင့် (၁)နံပါတ်က ဖြစ်ပျက်ဒုက္ခသစ္စာ၊ (၂)နံပါတ်က မဂ္ဂသစ္စာ၊ သဘောကျပလား (ကျပါပြီဘုရား)၊ (၂)နံပါတ်က ပြန်ကြည့်တာကိုး၊ မျက်လုံးထဲဘာများ ရှိသေးသလဲလို့ ကြည့်လိုက်တော့ မြင်တာလေးများရှိသေးလားလို့ ကြည့်လိုက်တော့ ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)။

## သိတာကမဂ္ဂသစ္စာ

အင်း. . . ပျက်သွားပြီ၊ ပျက်သွားတာကဒုက္ခသစ္စာ၊ ပျက်သွားမှန်းသိတဲ့ (၂)နံပါတ်က. . . (မဂ္ဂသစ္စာပါဘုရား)၊

အင်း. . . ဒကာဒကာမတွေလမ်းရပြီ၊ ဒီလမ်း၊ အခုရနေတဲ့လမ်း၊ မဂ္ဂသစ္စာဆိုတဲ့လမ်းရပြီ. . . (တင်ပ့ါ)။

တို့ဝမ်းထဲမှာပေါ်လာပြီ. . . (တင်ပ့ါ)၊ မဂ္ဂသစ္စာဆိုတဲ့ ပျက်သွားတာသိလိုက်တဲ့ဉာဏ်ကလေးတွေ သတိတွေ၊ ဝီရိယက လေးတွေဟာ မဂ္ဂင်လမ်းကလေးရတာ. . . (တင်ပ့ါ)။

## ဒီလမ်းကလိုက်ရမှာ

အဲဒီလမ်းဟာ ဒကာဒကာမတို့ ခင်ဗျားတို့ ဒီလမ်းက လိုက်ရမှာ၊ ဒီလမ်းကနိဗ္ဗာန်ကြီးသွားရမှာ၊ သဘောကျပလား. . (ကျပါပြီဘုရား)။

လမ်းတွေ့ပြီ၊ လမ်းတွေ့ပြီ ဒကာဒကာမတို့ တစ်နံပါတ် ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ မရှိတာကို ခင်ဗျားတို့ သတိ၊ ဝီရိယ၊ ပညာနဲ့မသိဘူးလား. . . (သိပါတယ်ဘုရား)၊ အဲဒါသတိ၊ ဝီရိယ၊ ပညာဟာ ဘာတဲ့. . . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတာ လမ်းမတော်ကြီးပဲ. . . (တင်ပ့ါ)၊ အင်း. . . ဒကာဒကာမတို့ ရှုလိုက်ပြန်တော့ မဂ္ဂင်လမ်းမတော် ပေါ်ရောက်လာတယ်. . . (တင်ပ့ါဘုရား)။

## အိုနာသေလွတ်တဲ့နိဗ္ဗာန်သွားမလို့

ဒီလမ်းပေါ်ရောက်ကတည်းက ဒကာဒကာမတို့ ဘယ်

သွားကြမှာလို့ မေးဖို့မလိုဘူး၊ အိုနာသေ လွတ်တဲ့ နိဗ္ဗာန်သွားမလို့ (တင်ပါ့ဘုရား)။

ဒီလမ်းမှန်မရောက်လို့ ခက်နေတာ၊ ဒီလမ်းကိုယ်တိုင်မရလို့ခက်နေတာ၊ ဒီလမ်းကိုယ်တိုင်ရတဲ့ပုဂ္ဂိုလ်ကျတော့ ကိုယ်တိုင်သွားကုန်ပြီ. . . (တင်ပါ့)။

ဒီလမ်းကိုယ်တိုင်ရတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်သွားမှာတုံး (နိဗ္ဗာန်သွားမှာပါဘုရား)၊ အိုနာသေလွတ်တဲ့ နိဗ္ဗာန်သွားမယ် . . . (တင်ပါ့)။

## လျှောက်ပြီးသားရောက်ပြီးသားဖြစ်ပြီ

ဪ. . . ဒါဖြင့် ဒီလမ်းကိုယ်တိုင်ရလို့ ဒီလမ်းပေါ် အခုတွေ့နေတဲ့ပုဂ္ဂိုလ်ဖြင့်၊ ဒကာဒကာမတို့ဒီလမ်းပေါ် လျှောက်ပြီးသား ရောက်ပြီးသား မဖြစ်သေးဘူးလား. . . (ဖြစ်ပါပြီဘုရား)။

ဒါကြောင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မျက်လုံးဖြစ်ပျက်က ဘာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒါကို (၂)နံပါတ်နဲ့ ရှာလိုက်တဲ့အခါမတွေ့တော့ဘူး. . . (တင်ပါ့)၊ မတွေ့တာကို သတိထားရှာလည်း မတွေ့ဘူး၊ ဝီရိယနဲ့ရှာလည်း. . . (မတွေ့ပါဘုရား)၊ သမာဓိနဲ့ကြည့်ပြန်တော့. . . (မတွေ့ပါဘုရား)။

ပညာနဲ့ကြည့်ပြန်တော့ . . . (မတွေ့ပါဘုရား)၊ မဂ္ဂင်ရှစ်ပါးလုံးနဲ့ကြည့်လိုက်တယ် တွေ့ကိုမတွေ့ဘူး. . . (မတွေ့ပါဘုရား)၊ တွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)။

မဂ္ဂင်ငါးပါးနဲ့ကြည့်လည်းမတွေ့ဘူး၊ ရှစ်ပါးနဲ့ကြည့်တော့ကော (မတွေ့ပါဘုရား)၊ မတွေ့တော့၊ အင်းဒီလမ်း (၁)နံပါတ်က ဒုက္ခသစ္စာလမ်း သဘောကျပလား. . . . (ကျပါပြီဘုရား)။ အဲဒါ ဒုက္ခသစ္စာ၊ မြင်တာကမဂ္ဂသစ္စာ၊ အေး (၂)နံပါတ်အမြင်ကလေးက မဂ္ဂသစ္စာ (တင်ပါ့ဘုရား)။

## နိဗ္ဗာန်သွားမယ့်လမ်းပေါ်ရောက်ပြီ

အဲဒါဒကာဒကာမတို့ လမ်းပေါ်ရောက်ပြီ အောက်မေ့ပေတော့. . . (မှန်ပါဘုရား)၊ မဂ္ဂသစ္စာလမ်းပေါ်ရောက်ပြီ၊ ဒကာဒကာမတို့။

ဘယ်သွားမယ့်လမ်းပေါ်ရောက်တာတုံး၊ (နိဗ္ဗာန်သွားမယ့်လမ်းပေါ်ရောက်တာပါဘုရား)၊ အမလေး ဒကာစိန်၊ နေရာကျပြီ အိုနာသေလွတ်တဲ့ လမ်းပေါ်တက်မိပြီ၊ ဒကာဒကာမတို့ (မှန်ပါ့)၊ အဲ. . . နောက်ပြန်မဆုတ်နဲ့၊ (တင်ပါ့ဘုရား)။

## နောက်ပြန်မဆုတ်နဲ့

နောက်ပြန်မဆုတ်နဲ့၊ ဒီလမ်းပေါ်ရောက်ဖို့ ဘုန်းကြီး

အတော်ပြောခဲ့ရတယ်၊ ဟုတ်ပလား. . (တင်ပါ့)၊ ဒီလမ်းပေါ် ရောက်ဖို့ရာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဒီလမ်း ဘယ်လောက်ရှာခဲ့ရသလဲ၊ (အတော်ရှာခဲ့ရပါတယ်ဘုရား)။

အဲဒီလိုရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဒီလမ်းကိုယ်ပိုင်မရဘူးလား . . . (ရပါတယ်ဘုရား)၊ အဲကိုယ်ပေါ်မှာလည်း ဒီဥစ္စာတွေ ဖြစ်တဲ့မဂ္ဂင်ရထားကြီး ခန္ဓာပေါ်မှာတစ်ခါတည်း၊ မဂ္ဂင်လမ်း မတော်ကြီးကိုယ်တိုင် ကိုယ်ပိုင်မဖြစ်ဘူးလား. . . (ဖြစ်ပါတယ် ဘုရား)၊ အဲဒီလမ်းကမဂ္ဂသစ္စာ။

## ကြပ်ကြပ်ရှုတာ၊ ကြပ်ကြပ်လျှောက်တာပဲ

ဒါ့ကြောင့် ဒီလမ်း သည်ကားလို့ဆိုရင်ဖြင့် ဒကာ၊ ဒကာမ တို့ ခင်ဗျားတို့ဘယ်သွားကြမှာတုံးလို့မမေးပါနဲ့၊ အိုနာသေ လွတ်တဲ့ နိဗ္ဗာန်သွားမှာပါ။ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီလမ်းက မဂ္ဂသစ္စာ၊ (မှန်ပါ့) ဒီလမ်းအတိုင်း လျှောက်သွားလို့ ကြပ်ကြပ်ရှုပြီး၊ ကြပ်ကြပ်ရှုကြမယ်ဆိုရင် ကြပ် ကြပ်လျှောက်တာပဲ။ (တင်ပါ့)။ လျှောက်ပါများလာတဲ့ ပုဂ္ဂိုလ် ဟာ ဒကာ၊ ဒကာမတို့ ဝိပဿနာမဂ္ဂင်ကနေပြီး သကာလ တကယ့်မဂ္ဂင်အစစ်ဖြစ်လာတော့ နိဗ္ဗာန်ကြီး၊ ကိုယ်တိုင်မြင်လို့ ကိုယ်တိုင်သွားရတယ်။

## သွားပါများမှရောက်မယ်

ဒါဖြင့် သွားပါများမှရောက်မယ်၊ (တင်ပ့ါ) တစ်နေ့ကို တစ်နာရီလောက်သွားကြည့်၊ နှစ်နာရီလောက်သွားကြည့်၊ နောက်နေ့တွေ ငါးနာရီလောက်သွားကြည့်။ နက်ဖြန်လည်း သွားကြည့်ပါ။

သွားပါများတဲ့အခါကျတော့ ဝိပဿနာမဂ္ဂင်ကတကယ့်အစစ်ဖြစ်လာမယ်၊ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တဲ့အခါကျတော့ တကယ့်မဂ္ဂင်အစစ်လည်းဖြစ်ရော၊ ဟာမြို့ကြီးကို မြင်ရပြီဆိုတာကတော့၊ လေး၊ ငါး၊ ခုနစ်ရက်နဲ့ရပါတယ်. . . (မှန်ပ့ါဘုရား)။

မြို့ကြီးတွေကိုမြင်ရပါလိမ့်မယ်၊ မမြင်ရပေဘူးလား (မြင်ရပါတယ်ဘုရား)၊ အဲဒါဘာဖြစ်လို့ မြင်ရပါသတုံးလို့ဆိုရင်တော့ ဒကာဒကာမတွေ မှတ်လိုက်စမ်းပါအုံး၊ ဒီအမြင်ဘာ့ကြောင့်မြင်သတုံး၊ ရှေးကမမြင်အခုမှ အခုမှရှုပါများလာလို့ (နိဗ္ဗာန်မြင်ပြီဘုရား)။

## နိဗ္ဗာန်မြင်ပြီ

ဒုက္ခခပ်သိမ်းငြိမ်းရာနိဗ္ဗာန်မြင်ပြီဘုရားဆိုတော့ အို. . . ဒကာ ဒကာမတို့ ကိလေသာအမှောင်ဓာတ်မရှိလို့၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိလေသာအမှောင်ဓာတ်၊ သမုဒယသစ္စာ၊ ချုပ်ငြိမ်း၊ ရုပ်သိမ်းတဲ့ခင်ဗျားတို့ မြို့တော်ကြီးမြင်ပြီမဟုတ်လား. . . (မြင်ပါပြီဘုရား)၊ နို့မို့မြင်ပဲ့မလား (မမြင်ပါဘုရား)။

ဒကာ ဒကာမတို့ ဖြစ်ပျက်ကဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်ကလေးက . . . (မဂ္ဂသစ္စာပါဘုရား)၊ အမှောင်ဓာတ်ကြီး ပျောက်သွားတာက၊ သမုဒယချုပ်တာ၊ အမှောင်ဓာတ်ပျောက်သွားတော့၊ အမှောင်မှာမြို့တော်ကြီးမြင်ရတဲ့၊ အမြင်ခံရတဲ့ မြို့တော်ကြီးက ဘာတဲ့လဲ (နိရောဓသစ္စာပါဘုရား)။

အဲဒါ ဒကာ ဒကာမတို့ တစ်နေ့တစ်လံရောက်ချင်မှရောက်တာ အခုတော့ မြို့တော်ကြီး တစ်ခါမတွေ့သေးရင် မျက်စိလည်းရှု၊ နားလည်းရှု၊ ကိုယ်လည်းရှုပေါ့ဗျာ၊ ဟဒယဝတ္ထုပေါ် ဝေဒနာသုံးမျိုး ဆရာဘုန်းကြီးသင်ထားပြီ။

## သွားသာသွားပါသေချာပါပြီ

အဲဒါပေါ်တိုင်းပေါ်တိုင်းသာရှုနေရင်၊ မဂ္ဂင်လမ်းမတော်ကို တစ်နေ့တစ်နာရီပဲ၊ တစ်နာရီလောက်သာတွက်၊ ကြာတော့သွားပါများလို့ရှိရင် မြို့တော်ကြီးနဲ့ကပ်နေတယ်၊ မကပ်ပေဘူးလား. . . (ကပ်ပါတယ်ဘုရား)။

မဂ္ဂင်လမ်းမတော်ကြီးသည်၊ ဘုန်းကြီးကလည်းတစ်ခါ၊ တစ်ဆင့်ပြပြန်တယ်၊ သွားသာသွား ဒီတစ်ခါခင်ဗျားတို့

မအိုမသေအမြဲနေတဲ့ မြို့တော်ကြီးရောက်မယ်ဆိုတာ သေချာပြီ . . . (သေချာပါတယ်ဘုရား)။

သွားတတ်ပြီလား. . . (သွားတတ်ပါပြီ)၊ ရှုရမယ်နော် . . . (တင်ပ့ါ)၊ မရှုရင်မဂ္ဂင်ပေါ်မလား၊ (မပေါ်ပါဘုရား) ရှုတာ သည်ပင်လျှင် သွားတာကိုဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## အသက် (၇၀) မှ သွားတတ်တယ်

အဲဒါဒကာစိန် သွားတတ်ပြီလား. . . (သွားတတ်ပါပြီ)၊ အသက်ဘယ်လောက်ရပြီလဲ. . . (ခုနစ်ဆယ်ပါဘုရား)၊ ခုနစ်ဆယ်. . . (၇၀)မှ သွားတတ်တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

တချို့သွားကိုမသွားတတ်သေးဘူး၊ ဒကာစိန်. . . (တင်ပ့ါ)၊ သွားတတ်ပလား. . . (မသွားတတ်ပါဘူး)၊ အသက်ကြီးပေမယ့်သွားတတ်ပလား၊ (မသွားတတ်ပါဘူးဘုရား)၊ ကဲ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

## ကြာတော့နိဗ္ဗာန်နားကပ်သွားပြီ

ဒါဖြင့်ဝေဒနာပေါ်တိုင်းပေါ်တိုင်းရှုပါ၊ ရှုတာက ဒုက္ခသစ္စာ မြင်တာက မဂ္ဂင်လမ်းမတော်ပေါ်တာ (မှန်ပ့ါဘုရား)၊ အဲဒီလမ်းမတော်ပေါ်မှာ တစ်နေ့တစ်နာရီလောက်လျှောက်

လျှောက်၊ လျှောက်လျှောက်လိုက်နေလိုက်လို့ရှိရင်၊ ကြာတော့ နိဗ္ဗာန်မင်္ဂဖိုလ်မြို့ကြီးနားကပ်မသွားပေဘူးလား. . . (ကပ်သွားပါ တယ်ဘုရား)။

## ပြန်ပါဆိုလို့မပြန်တော့ဘူး

ကပ်သွားရင်ဖြင့် ခင်ဗျားတို့သည်ကား၊ ပြန်ပါဆိုလို့ပြန်ဦး မှာလား. . . (မပြန်တော့ပါဘုရား)၊ အို. . . သူတို့အတွက် ချမ်းသာမှုတွေ အကုန်ရနေတဲ့၊ နေရာဌာနကြီး ဘယ်တော့ပြန်ဦး မှာတုံး . . . (မပြန်တော့ပါဘုရား)။

ဒါကြောင့် ဘယ်ဘုရားတွေ၊ ဒီပင်္ကရာ၊ မေဓင်္ကရာ၊ တဏှင်္ကရာဘုရားတွေ၊ သူတို့နောက်ကလိုက်တဲ့၊ ကုဋေရှစ်ဆယ်၊ ဗိုလ်ခြေတစ်သိန်းတွေ ပြန်ပါဦးမလား. . . (မပြန်ပါဘုရား)။

အဲဒီလိုတရားနဲ့ကို ချမ်းသာနေကြတယ်၊ ဘယ်သူမှ ပြန်မလာဘူး၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ သွားတတ် ပြီနော်. . . (သွားတတ်ပါပြီဘုရား)။

ကဲ ဒီနေ့ ဒီတင်တော်ကြဦးစို့
သာဓု၊ သာဓု၊ သာဓု။